မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁ ရက်၊ ၂၀၁၂ ခုနှစ်၊ ဧပြီ ၆ ရက်၊ သောကြာနေ့၊ အတွဲ (၅၁)၊ အမှတ် (၁၈၉)

ဒို့တာဝန်အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အကြိမ် (၂၀)မြောက် အာဆီယံထိပ်သီး သီးသန့်အစည်းအဝေးသို့ တက်ရောက်

နေပြည်တော် ဧပြီ ၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဧပြီ ၄ ရက် နံနက် ၉ နာရီတွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ရှိ **Peace Palace** တတိယထပ် **Champei Room** ၌ ကျင်းပသည့် အကြိမ် (၂၀)မြောက် အာဆီယံထိပ်သီး သီးသန့်အစည်းအဝေးသို့ တက်ရောက်သည်။

အဆိုပါ အစည်းအဝေးသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင် ဆူလ်တန်ဟာဂျီဟာဆာနာလ်ဘိုကီးယား မူအစ်ဇာဒင်ဝါဒိုလာ၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်၊

စာမျက်နှာ ၃ ကော်လံ ၃ ✻

နိုင်ငံတော် သမ္မတ ဦးသိန်းစိန်နှင့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ ဖနောင်ပင်မြို့ရှိ Peace Palace တတိယထပ် Champei Room ၌ ကျင်းပသည့် အကြိမ် (၂၀)မြောက် အာဆီယံထိပ်သီး သီးသန့်အစည်းအဝေးသို့ တက်ရောက်ကြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အကြိမ် (၂၀)မြောက် အာဆီယံထိပ်သီးအစည်းအဝေးပိတ်ပွဲသို့ တက်ရောက်

နေပြည်တော် ဧပြီ ၅

အကြိမ် (၂၀)မြောက် အာဆီယံထိပ်သီးအစည်းအဝေးပိတ်ပွဲကို ဧပြီ ၄ ရက် နံနက် ၁၁ နာရီခွဲတွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ရှိ Peace Palace တတိယထပ် Champa Room ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်သည်။

အစည်းအဝေးပိတ်ပွဲသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင် ဆူလ်တန်ဟာဂျီဟာဆာနာလ်ဘိုကီးယား မူအစ်ဇာဒင်ဝါဒိုလာ၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဒုတိယသမ္မတ ဒေါက်တာ ဘူဒီအိုနို၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင်၊ မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတိုဆရီ မိုဟာမက်နာဂျစ်ဘင်တွန်း ဟာဂျီအဗ္ဗဒူရာဇတ်၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဘီနင်နိုအကွီနို၊ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်း၊

စာမျက်နှာ ၃ ကော်လံ ၁ ❒

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဖနောင်ပင်မြို့ရှိ Peace Palace တတိယထပ် Champa Room ၌ ကျင်းပသည့် အကြိမ် (၂၀)မြောက် အာဆီယံထိပ်သီးအစည်းအဝေးပိတ်ပွဲသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများအား ကမ္ဘောဒီးယားနိုင်ငံဘုရင် ပရယ် ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီက ဖနောင်ပင်မြို့ရှိ Royal Palace ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းကျော်) (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃၇၃ခုနှစ်၊တန်ခူးလပြည့်နေ့(ဥပုသ်နေ့)
၆-၄-၂၀၁၂ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
၈:၁၀ ခါသကြိန်အဆိုအကများ
၈:၄၀ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်

ညပိုင်း

၄:၅၀ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ
- ဒုတိယနှစ် (မြန်မာစာ အထူးပြု)(မြန်မာစာ)
၅:၂၅ ခါသကြိန်အဆိုအကများ
၅:၄၀ ကြည်ညိုဦးခိုက် ဖူးလိုက်စို့ တူပျော် မန်းရွှေစက်တော်
၈:၀၀ - ပြည်တွင်းသတင်း
- နိုင်ငံတကာသတင်းများ
- မိုးလေဝသအခြေအနေ
- လျှပ်တစ်ပြက်ဟာသများ
- နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာအသ‌ျှေ** (အပိုင်း -၂၁)
- သီချင်းချစ်သူ

စာအုပ်စာပေ လူ့မိတ်ဆွေ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဖနောင်ပင်မြို့၌ NHK သတင်းဌာန၊ CCTV သတင်းဌာနနှင့် Myanmar International Channel တို့မှ သတင်းထောက်များအား လက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၅

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ကျင်းပလျက်ရှိသည့် အကြိမ်(၂၀)မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဧပြီ ၄ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ရှိ ခေတ္တတည်းခိုသည့် Cambodiana ဟိုတယ်၌ အာဆီယံထိပ်သီး အစည်းအဝေးသို့ လာရောက်သတင်းရယူလျက်ရှိသည့် NHK သတင်းဌာန၊ CCTV သတင်းဌာနနှင့် Myanmar International Channel တို့မှ သတင်းထောက်များအား လက်ခံတွေ့ဆုံသည်။

တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝဏ္ဏမောင်လွင်၊ ဦးကျော်ဆန်းနှင့် ဦးတင်နိုင်သိန်းတို့ တက်ရောက်ကြသည်။

တွေ့ဆုံရာ၌ အဆိုပါ သတင်းဌာနများမှ သတင်းထောက်များ၏ မေးမြန်းချက်များကို နိုင်ငံတော်သမ္မတက ပြန်လည်ဖြေကြားခဲ့သည်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဖနောင်ပင်မြို့ Cambodiana ဟိုတယ်၌ NHK သတင်းဌာန၊ CCTV သတင်းဌာနနှင့် Myanmar International Channel တို့မှ သတင်းထောက်များအား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် ဧပြီ ၆ ရက်)

သင်္ကြန်နှင့် ယာဉ်စည်းကမ်း

မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကျင်းပရန် နီးကပ်လာပြီ။ မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်သည် လူမျိုးဘာသာမရွေး ပါဝင်ဆင်နွှဲသည့် နှစ်သစ်ကူးပွဲတော်တစ်ခုဖြစ်သည်။ မြန်မာ့ဆယ့်နှစ်လရာသီတွင် ပထမဆုံးလဖြစ်သလို ပျော်စရာအကောင်းဆုံးလလည်း ဖြစ်သည်။ လူကြီး၊ လူငယ်၊ လူလတ်မရွေး သင်္ကြန်ပွဲတွင် ဆင်နွှဲလျက်မြူးထူးပျော်ရွှင်ကြသည်။

ဤသို့ပျော်စရာအချိန်အခါသမယတွင် သင်္ကြန်ကိုရုပ်ဆိုးစေသည့် အကြောင်းအခြင်းအရာတစ်ခုမှာ ယာဉ်စည်းကမ်းချိုးဖောက်မှုပင်ဖြစ်၏။ ပျော်ရွှင်ခြင်းကား ကောင်းပါသည်။ စည်းကမ်းချိုးဖောက်ခြင်းကား မကောင်းပါ။ ယာဉ်စည်းကမ်းကိုမသိ၍ ချိုးဖောက်ခြင်းရှိသလို သိသိနှင့်ချိုးဖောက်သူများလည်း ရှိသည်။ အထူးသဖြင့် ယာဉ်စည်းကမ်းကို သိလျက်နှင့် ချိုးဖောက်ခြင်းသည် ပို၍ဆိုးသည်။ သင်္ကြန်ကာလအတွင်း ယာဉ်စည်းကမ်းချိုးဖောက်မှုသည် အခြားအချိန်နှင့်မတူပါ။ အသက်အန္တရာယ်နှင့်ပို၍ နီးသည်။

"ကိုယ့်ဘာသာကိုယ်ပျော်လို့ မောင်းတယ်ဗျာ… ၊ သင်္ကြန်ပဲပျော်မှာပေါ့… ၊ စည်းကမ်းချိုးဖောက်တော့ကော ဘာဖြစ်တုန်း…၊ ဒါသင်္ကြန်ပဲ…၊ သင်္ကြန်မှာဆရာကြီးလာလုပ်မနေနဲ့…" ဟူ၍ ပြောဆိုသူတွေ အများကြီးရှိသည်။ မှန်ပါသည်။ သင်္ကြန်ဆိုသည်မှာ အပျော်ဆုံးပွဲတော်ကြီးပါပဲ။ သို့သော်လည်း စည်းကမ်းချိုးဖောက်၍ ဖြစ်လာမည့်အကျိုးဆက်ကတော့ အသက်နှင့်ရင်းပြီးပေးဆပ်ရသည့် အဖြစ်မျိုးကြုံလာနိုင်သည်။

ယာဉ်စည်းကမ်းချိုးဖောက်၍ သက်ဆိုင်ရာကပေးသည့်အပြစ်ထက် ယာဉ်စည်းကမ်းကပေးသည့်အပြစ်က ပို၍ကြီးပါသည်။ ထိုအပြစ်သည်ကား အနည်းဆုံးဒဏ်ရာရမှု၊ အများဆုံး အသက်ဆုံးရှုံးမှုပင်။

ဟုတ်ပါသည်။ အသက်ဆုံးရှုံးသည်အထိ ဖြစ်နိုင်ပါသည်။ သင်္ကြန်ကာလအတွင်း ယာဉ်စည်းကမ်းဖောက်ဖျက်မှုကြောင့် ယာဉ်တိုက်မှုများဖြစ်ပွားပြီး ဒဏ်ရာရသူများ၊ သေဆုံးသူများ နှစ်စဉ်ဖြစ်ပွားလေ့ရှိရာ ထိုအဖြစ်မျိုးမကြုံရလေအောင် သတိထားပျော်ရွှင်ကြစေလိုပါသည်။

အထူးသဖြင့် သင်္ကြန်ကာလအတွင်း မူးယစ်သောက်စားယာဉ်မောင်းခြင်းသည် အဆိုးဆုံးဖြစ်သည်။ အပျော်ကျူး၍ စည်းကမ်းမဲ့ပြိုင်မောင်း၊ လုမောင်းခြင်း၊ အိတ်ဇောပိုက်နှင့်နံပါတ်ပြားများဖြုတ်မောင်းခြင်း၊ နံပါတ်အတုများ တပ်ဆင်မောင်းနှင်ခြင်း၊ ယာဉ်ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်း၊ ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဗွီးတက်)မပါဘဲ မောင်းနှင်ခြင်း၊ ဖျက်သိမ်းယာဉ်အို ယာဉ်ဟောင်းနှင့် ပြုပြင်ဆဲယာဉ်များ၊ မှတ်ပုံမတင်ရသေးသောယာဉ်များနှင့် သင်္ကြန်ရေပက်ခံခြင်းများ မပြုလုပ်မိကြစေရန် သတိပေးတားမြစ်ထားသည်။

ယခုနှစ်သင်္ကြန်ကာလအတွင်း ယာဉ်မောင်းသူများအား အရက်သေစာသောက်စားထားခြင်းရှိမရှိ အရက်မူးတိုင်းကိရိယာများဖြင့် တိုင်းတာစစ်ဆေးသွားမည်ဖြစ်ပြီး ချိုးဖောက်ပါက ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ယာဉ်စည်းကမ်းချိုးဖောက်၍ဖြစ်စေ၊ မူးယစ်သောက်စားယာဉ်မောင်း၍ဖြစ်စေ ထိရောက်စွာအရေးယူမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီက သတိပေးနှိုးဆော်ထားသည်။

သို့ဖြစ်ပါ၍ သင်္ကြန်မှာပျော်ကြပါ။ စည်းကမ်းရှိစွာပျော်ကြပါ။ ယာဉ်များကိုစည်းကမ်းတကျမောင်းနှင်ကြပါ။ သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကို အကျည်းတန်မည်စ်နွမ်းပါစေနှင့်ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

အကြိမ်(၂၀)မြောက် အာဆီယံထိပ်သီးအစည်းအဝေးပိတ်ပွဲကို ဖနောင်ပင်မြို့ရှိ Peace Palace တတိယထပ် Champa Room ၌ ကျင်းပစဉ်။ (သတင်းစဉ်)

❒ ရှေ့ဖုံးမှ

ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စရင်လတ် ရှင်နာဝပ်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းတို့နှင့် အာဆီယံ အတွင်းရေးမှူးချုပ် ဒေါက်တာ ဆူရင်ပစ်ဆူဝမ်၊ အာဆီယံနိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အာဆီယံအလှည့်ကျဉက္ကဋ္ဌ အိမ်ရှင် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်က အာဆီယံ အသိုက်အဝန်းထူထောင်ရေး၊ ဖနောင်ပင် ကြေညာချက်နှင့်လုပ်ငန်းစဉ်၊ ၂၀၁၅ ခုနှစ်တွင် မူးယစ်ဆေးဝါးကင်းစင်သည့် အာဆီယံ ဒေသဖြစ်ပေါ်ရေး၊ နှစ်(၄၀)ကျော်ကာလအတွင်း အာဆီယံအဖွဲ့ကြီး တိုးတက် ပြောင်းလဲလာမှု၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ နိုင်ငံရေးနှင့်စီးပွားရေး ပေါင်းစည်း ဆောင်ရွက်မှုကြောင့် အာဆီယံနိုင်ငံများ အကျိုးဖြစ်ထွန်းမှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

✻ ရှေ့ဖုံးမှ

အင်ဒိုနီးရှားသမ္မတနိုင်ငံ ဒုတိယသမ္မတ ဒေါက်တာဘူဒီအိုနို၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင်၊ မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတိုဆရီ မိုဟာမက် နာဂျစ်ဘင်တွန်း ဟာဂျီအဗ္ဗဒူရာဇတ်၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဘီနင်နိုအကွီနို၊ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်လွန်း၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စရင်လတ်ရှင်နာဝပ်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်းတို့နှင့် အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာဆူရင်ပစ်ဆူဝမ်၊ အာဆီယံနိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အာဆီယံအလှည့်ကျဉက္ကဋ္ဌ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများသည် အာဆီယံဒေသ၏ အေးချမ်းတည်ငြိမ်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်နှင့် နိုင်ငံတကာနှင့်ဒေသဆိုင်ရာကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

	အမည်၊ လက်ရှိရာထူး၊ ဌာန	**ပြောင်းရွှေ့ခန့်ထားသည့်ရာထူး၊ ဌာန**
(က)	ဒေါက်တာရီရီဝင်း ပါမောက္ခ သမဝါယမဒီဂရီကောလိပ် (သန်လျင်) သမဝါယမဝန်ကြီးဌာန	ကျောင်းအုပ်ကြီး သမဝါယမကောလိပ်(စစ်ကိုင်း) သမဝါယမဝန်ကြီးဌာန
(ခ)	ဒေါက်တာအောင်မျိုး ညွှန်ကြားရေးမှူးချုပ် စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေး ဦးစီးဌာန အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက် ဦးစီးဌာန အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဝန်ကြီးဌာန
(ဂ)	ဦးအေးကို ညွှန်ကြားရေးမှူးချုပ် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှု အစီရင်ခံရေးဦးစီးဌာန အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဝန်ကြီးဌာန

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အလုပ်သမားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးအောင်အား ယင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

MRTV-4

၆-၄-၂၀၁၂ (သောကြာနေ့)

နံနက်ပိုင်း

၅း၂၀ MRTV-4 သတင်း
၅း၄၀ **ကုသိုလ်အစစ်နံ့ပါတ်တစ်** တရားတော် (ယောဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ)
၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အချစ်တေးသံရင်ခုန်သံ** (အပိုင်း-၄၃)
၇း၃၀ MRTV-4 သတင်း
၈း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညှန်ရာ** (အပိုင်း-၁၂၀)
၁၀း၄၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပုံပြောကောင်းတဲ့ချစ်သူ** (အပိုင်း-၃)
၁၁း၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အချစ်တေးသံရင်ခုန်သံ** (အပိုင်း-၄၃)
၂း၀၀ MRTV-4 သတင်း
၂း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညှန်ရာ** (အပိုင်း-၁၂၀)
၃း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပုံပြောကောင်းတဲ့ချစ်သူ** (အပိုင်း-၃)
၆း၀၀ MRTV-4 သတင်း
၆း၁၅ Vox Pop(အနုပညာရှင်များရဲ့ သကြၤန်ရင်ခုန်သံများ)
၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အချစ်တေးသံရင်ခုန်သံ** (အပိုင်း-၄၄)
၇း၃၀ MRTV-4မြန်မာ့ရိုးရာသကြၤန်
၈း၀၀ MRTV-4 သတင်း
၈း၅၀ Movie Talk **နှစ်သစ်တူပြိုင် ပိတောက်မြိုင်** (ဒါရိုက်တာ-ကြည်စိုးထွန်း) (အပိုင်း-၂)
၁၂း၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပုံပြောကောင်းတဲ့ချစ်သူ** (အပိုင်း-၄)

ပြည်ထောင်စုရာထူးဝန်အဖွဲ့

(၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့ကျင်းပ

နေပြည်တော် ဧပြီ ၅

ပြည်ထောင်စုရာထူးဝန်အဖွဲ့ (၇၅) နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး စုပေါင်းခန်းမ၌ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူက အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ဂုဏ်ပြုလက်ဆောင်များပေးအပ်

ထို့နောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူ**(ယာပုံ)**က စိန်ရတုနှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနားကျင်းပရခြင်းနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားပြီး အငြိမ်းစားယူသွားခဲ့ကြသော ယခင်ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား အမှတ်တရဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အဖွဲ့ဝင်များက ဝန်ထမ်းလုပ်သက်နှစ် (၃၀) ပြည့်သူများ၊ ဝန်ထမ်းကျင့်ဝတ်ရေးဖြေစာမေးပွဲ ထူးချွန်ဆုများ၊ သင်တန်းထူးချွန်ဆုများ၊ အားကစားထူးချွန်ဆုများ၊ အိမ်ရာစိုက်ပျိုးရေးနှင့် သန့်ရှင်းရေးဆုရရှိသူများအား ဆုများချီးမြှင့်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးစိန်ဝင်းနှင့် ဝန်ထမ်းများ၊ ဇျိုင်းရေအိုးစင် ရွာမ ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်နှင့် အဖွဲ့ဝင်များ မိုးပွင့်အဆင့်(၂)စီမံချက်ဖြင့် နိုင်ငံသားစီစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ရေးအတွက် မတ် ၂၈ ရက်က ရပ်ကွက်အတွင်းရှိ ပြည်သူများအား ကွင်းဆင်းဆောင်ရွက်ပေးကြစဉ်။ (၀၄၄)

မြောက်ပိုင်းဒေသများ မိုးဆက်လက်ရွာမည်

နေပြည်တော် ဧပြီ ၅

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မွန်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ နေ့အပူချိန်များမှာ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ ချင်းပြည်နယ်တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဧပြီလ၏ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့်နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၄ ဒီဂရီစင်တီဂရိတ်၊ မင်းဘူးမြို့နှင့် ဂန့်ဂေါမြို့တို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ဘီးလင်းမြို့တွင် ၃ ဒသမ ၁၁ လက်မ၊ လောင်းလုံမြို့တွင် ၂ ဒသမ ၁၇ လက်မ၊ သထုံမြို့တွင် ၁ ဒသမ ၉၃ လက်မ၊ မြိတ်မြို့တွင် ၁ ဒသမ ၈၉ လက်မ သိမ်ဇရပ်မြို့တွင် ၁ ဒသမ ၄၆ လက်မ၊ တမူးမြို့တွင် ၁ ဒသမ ၃၀ လက်မ၊ နမ့်စန်မြို့တွင် ၁ ဒသမ ၁၈ လက်မနှင့် မိုင်းဆတ်မြို့တွင် ၁ ဒသမ ၀၂ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့် ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာနိုင်ငံက အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ လူနေမှုအဆင့်အတန်း၊ အရည်အသွေးမြှင့်တင်ရေးအတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိ

နေပြည်တော် ဧပြီ ၅

သတ္တမအကြိမ်မြောက် အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်း ကောင်စီအစည်းအဝေးကို ဧပြီ ၂ ရက် နံနက် ၉ နာရီတွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ကျင်းပရာ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ပြန်ကြားရေး ဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံက အာဆီယံ လူမှုရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေမှု၊ အနာဂတ်တွင် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် လိုအပ်ချက်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း သတ္တမအကြိမ်မြောက် အာဆီယံလူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ အစည်းအဝေးသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

ပိုမိုတိုးမြှင့်ဖော်ဆောင်

ထိုသို့ဆွေးနွေးရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အနေဖြင့်အာဆီယံ၏ "မတူညီကွဲပြားခြားနားမှုများကြားမှ ညီညွတ်ခြင်း" ဆိုသည့် ဦးတည်ချက်အတိုင်း အာဆီယံအသင်းကြီး၏ တင်းပြည့်အဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့သည့် ၁၉၉၇ ခုနှစ်ကတည်းက လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ဘုံတန်ဖိုးထားမှုများကို အာဆီယံနိုင်ငံများနှင့်ပူးပေါင်း၍ မြှင့်တင်ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ ထို့အတူ အာဆီယံယဉ်ကျေးမှုနှင့်ပြန်ကြားရေးကော်မတီ၏ စီမံကိန်းတစ်ရပ်ဖြစ်သည့် "Initiative for the establishment of Ancient cities Network in ASEAN towards the promotion of ASEAN Identity" ခေါင်းစဉ်ပါအလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို ၂၀၁၂ ခုနှစ်၊ ဇွန်လတွင် မြန်မာနိုင်ငံ၌ ကျင်းပရန်စီစဉ်ထားပါကြောင်း၊ ဤဆွေးနွေးပွဲမှာ အာဆီယံ၏ ယဉ်ကျေးမှုလက္ခဏာများကို ပိုမိုတိုးမြှင့်ဖော်ဆောင်နိုင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပြီး အာဆီယံနိုင်ငံများမှ ပညာရှင်များက ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာနှင့် အနုပညာဆိုင်ရာများနှင့်ပတ်သက်၍ ရှုထောင့်အမျိုးမျိုးမှ ဆွေးနွေးကြမည်ဖြစ်ကြောင်း၊ ၂၀၁၅ ခုနှစ်တွင် ဖော်ဆောင်ရမည့်အာဆီယံလူမှုအသိုက်အဝန်း လုပ်ငန်းစဉ်များ အောင်မြင်ရေးကို အထောက်အကူပြုစေမည့် ဆောင်ရွက်မှုတစ်ရပ်ဖြစ်မည်ဟု ယုံကြည်ပါကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်က အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ အခြေပြုမြေပုံပါ လုပ်ငန်းစဉ်တစ်ခုဖြစ်သည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ လူနေမှုအဆင့်အတန်း၊ အရည်အသွေး မြှင့်တင်ရေးအတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို အလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရန် သစ်တောရေးရာဝန်ကြီးဌာနကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအဖြစ် ပြုပြင်ဖွဲ့စည်းပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းများကို အလေးထားဆောင်ရွက်စေလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ တောင်ကြီးမြို့နှင့် ပြင်ဦးလွင်မြို့တို့သည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆု (Environmentally Sustainable Cities(ESC)award)ကို ရရှိခဲ့ပါကြောင်း။

ပညာရေးကဏ္ဍတွင် "ကျောင်းနေအရွယ်အားလုံး ကျောင်းနေရမည်" အစီအစဉ်ကို ရည်မှန်းချက်တစ်ခုအဖြစ် နိုင်ငံတစ်နံတစ်လျား ကျယ်ပြန့်စွာ လုပ်ဆောင်ခဲ့ကြောင်း၊ ထို့ပြင်အရွယ်လွန်ကျောင်းသားများအား ကျောင်းတက်ရေးကို ပိုမိုအားပေးသည့် ပညာရေးအထူးအစီအစဉ်ချမှတ်ဆောင်ရွက်ခဲ့ရာ အခြေခံပညာအဆင့် ကျောင်းတက်နှုန်း ပိုမိုမြင့်မားလာခဲ့ပါကြောင်း၊ မြန်မာနိုင်ငံရှိ နိုင်ငံခြားဘာသာ တက္ကသိုလ်၌ မြန်မာဘာသာစကားဒီပလိုမာ သင်တန်းနှင့် အဆင့်မြင့် မြန်မာဘာသာစကား သင်တန်းတို့ကို ၁၉၈၉-၉၀ ပညာသင်နှစ်ကတည်းက စတင်၍ ဖွင့်လှစ်သင်ကြားပေးခဲ့ရာ အာဆီယံနိုင်ငံများမှ ကျောင်းသား၊ ကျောင်းသူများကလည်း လာရောက် သင်ယူလျက်ရှိကြောင်း၊ ထို့ပြင် အာဆီယံ တက္ကသိုလ်ကွန်ရက် (ASEAN University Network / AUN) အစီအစဉ်အရ မြန်မာနိုင်ငံမှ ကျောင်းသားများကို အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဂျပန်နိုင်ငံတို့သို့ ပညာတော်သင် စေလွှတ်ခဲ့ပါကြောင်း၊ မကြာမီ အာဆီယံ တက္ကသိုလ်ကွန်ရက် ASEAN University Network (AUN) Board of Trustees အစည်းအဝေးကို မြန်မာနိုင်ငံ၌ ကျင်းပမည်ဖြစ်ကြောင်း။

သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍လည်း မြန်မာနိုင်ငံတွင် အမျိုးသားအဆင့် သဘာဝဘေးအန္တရာယ်ကာကွယ်တားဆီးရေးနှင့် ကြိုတင်ပြင်ဆင်ရေးကော်မတီကို ဖွဲ့စည်းထားရှိပြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ ပညာပေးခြင်း၊ ကြိုတင်သတင်းထုတ်ပြန်အသိပေးခြင်း၊ ကာကွယ်ရေးနှင့် လုံခြုံရေးအစီအစဉ်များ ကြိုတင်တည်ဆောက်ခြင်း၊ ဆက်သွယ်ရေး လမ်းကြောင်းများလွယ်ကူအောင် တည်ဆောက်ပေးခြင်းနှင့် သောက်သုံးရေ၊ အစားအသောက်၊ ရှေးဦးသူနာပြုအစီအစဉ်များ ကြိုတင် ပြင်ဆင်ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထို့ပြင် မုတ်သုံရာသီဆိုင်ရာ နိုင်ငံတော်အဆင့် ဆွေးနွေးပွဲကို ဒေသတွင်းအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ တစ်နှစ်လျှင် (၂)ကြိမ် ကျင်းပလျက်ရှိကြောင်း။

ပြုစုပျိုးထောင်

အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ လူမှုဘဝဖူလုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံတွင် မူကြိုကျောင်းပေါင်း ၆၈ ကျောင်း ဖွင့်လှစ်ဆောင်ရွက်ထားသည့်အပြင် အသက်ငါးနှစ်အောက် စွန့်ပစ်ခံနှင့် ခိုကိုးရာမဲ့ ကလေးသူငယ်များအတွက် ကျောင်းအိပ်ကျောင်းစား (Residential Nurseries) များဖွင့်လှစ်ပြီး ပြုစုပျိုးထောင်စောင့်ရှောက်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

မသန်စွမ်းမှုများနှင့် ပတ်သက်ပြီး မသန်စွမ်းသူများ၏ ဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ၎င်းတို့၏ဘဝရှင်သန်ရေးကို အမျိုးသားရေးတာဝန်အဖြစ် ခံယူဆောင်ရွက်လျက်ရှိကြောင်း၊ မသန်စွမ်းသူများစာရင်းကို မြို့နယ်ပေါင်း ၁၂၀ ၌ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းကောက်ယူပြီး National Plan of Action (2010-2012)ကိုရေးဆွဲခဲ့ကြောင်း၊ ဤအစီအစဉ်တွင် သက်ဆိုင်ရာ Working Plan များကို ထည့်သွင်းထားပြီး အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ မသန်စွမ်းသူများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ၎င်းတို့၏ အခွင့်အရေးများကို ကာကွယ်ရေးအတွက် လူမှုဝန်ထမ်းဦးစီးဌာနက နားမကြားကျောင်းနှစ်ကျောင်း၊ မျက်မမြင်ကျောင်းရှစ်ကျောင်း၊ သက်မွေးပညာသင်ကျောင်းနှစ်ကျောင်းနှင့် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုနောက်ကျသော ကလေးများအတွက် အထူးကျောင်းလေးကျောင်းတို့ကို တည်ထောင်ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။ ယင်းနောက် အာဆီယံ အတွင်းရေးမှူးချုပ်ရုံးနှင့် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့်ပတ်သက်၍ ပြန်လည်ဆွေးနွေးရာတွင် မြန်မာနိုင်ငံအနေဖြင့် အားကစားကဏ္ဍကိုပညာရေးကဏ္ဍအောက်ရှိ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးတွင် တိုးချဲ့ဖွဲ့စည်းမည်ကို ကြိုဆိုပါကြောင်း။

အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်း အခြေပြမြေပုံ အကောင်အထည်ဖော်မှုကို တိုင်းတာမည့် Score Card အကောင်အထည်ဖော်ရေးတွင်မူ မိမိတို့နိုင်ငံတွင် လူမှုရေးနှင့် ယဉ်ကျေးမှုအသိုက်အဝန်းကိစ္စများကို ဝန်ကြီးဌာန (၁၇)ခုနှင့် ဆက်စပ်ဆောင်ရွက်နေရသဖြင့် အရေအတွက်သာမက အရည်အသွေး တိုးတက်မှု တိုင်းတာပုံများကို အာဆီယံ အတွင်းရေးမှူးချုပ်ရုံး၏ အကူအညီဖြင့် အလုပ်ရုံ ဆွေးနွေးပွဲများ ပြုလုပ်လျက် ပိုမိုသိရှိကျွမ်းကျင်မှုရအောင် ဆောင်ရွက်လိုပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့ပြင် သတ္တမအကြိမ်မြောက် အာဆီယံလူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီအစည်းအဝေးတွင် အာဆီယံ ပူးပေါင်းဆောင်ရွက်မှု အစီရင်ခံစာနှင့် ပတ်သက်၍လည်းကောင်း၊ အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်း ကောင်စီ အခြေပြုမြေပုံတွင် အားကစားကဏ္ဍကို အပိုင်းတစ်ပိုင်းအဖြစ် အသစ်ထည့်သွင်းရေးနှင့် ပတ်သက်၍လည်းကောင်း၊ အစည်းအဝေးနောက်တစ်ကြိမ်ခေါ်ယူမည့် ရက်စွဲနှင့် ကျင်းပမည့် နေရာရွေးချယ်သတ်မှတ်ရေးနှင့် ပတ်သက်၍လည်းကောင်း ဝိုင်းဝန်းဆွေးနွေးကြပြီး အစည်းအဝေးအစီရင်ခံစာကို အတည်ပြုနိုင်ခဲ့ကြသည်။

သတ္တမအကြိမ်မြောက် အာဆီယံ လူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီ အစည်းအဝေးသို့ အာဆီယံနိုင်ငံများမှ သက်ဆိုင်ရာ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့် အရာရှိကြီးများနှင့် အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်တို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်အား ဗီယက်နမ်သံအမတ်ကြီးတွေ့ဆုံ

ရန်ကုန် ဧပြီ ၅

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေအား မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H. E. Mr. Chu Cong Phung သည် ဧပြီ ၄ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံကာ **(အပေါ်ပုံ)** ရန်ကုန်မြို့နှင့် ဟိုချီမင်းမြို့တော်တို့ ညီအစ်မမြို့တော်အဖြစ် လက်မှတ်ရေးထိုးဆောင်ရွက်ပြီးဖြစ်၍ မြို့တော်အချင်းချင်း ရင်းနှီးချစ်ကြည်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စများကို ဆွေးနွေးကြသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ရန်ကုန်မြို့တော်ဝန် တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီး ဦးလှမြင့်၊ တိုင်းဒေသကြီးလျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးဉာဏ်ထွန်းဦးနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့အတွင်းရေးမှူး ဦးသန်းအောင်တို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆရာကြီးသခင်ကိုယ်တော်မှိုင်းစာကြည့်တိုက်ဆောက်လုပ်ရန် အလှူငွေနှင့် စာအုပ်စာစောင်များလှူဒါန်း

ရန်ကုန် ဧပြီ ၅

မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းက ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် မီးလောင်ကုန်းကျေးရွာအုပ်စု ဝါးလည်ကျေးရွာ၌ မတည်ဆောက်လုပ်မည့် "ဆရာလွန်း" စာကြည့်တိုက်အတွက် အလှူငွေနှင့် စာအုပ် စာစောင်များ လှူဒါန်းပွဲအခမ်းအနားကို ဧပြီ ၂ ရက် နံနက် ၁၀ နာရီခွဲတွင် မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ **(အောက်ဝဲပုံ)** မေတ္တာသင်္ဂဟ ရုပ်ရှင်နှင့် ဂီတအနုပညာရှင်များအဖွဲ့နှင့် စေတနာရှင်၊ အလှူရှင်များက ငွေကျပ်သိန်း ၅၀ နှင့် စာအုပ်စာစောင်များ၊ ဒါရိုက်တာအကယ်ဒမီမောင်နန္ဒက အလှူငွေကျပ်တစ်သိန်း စုစုပေါင်း ငွေကျပ် ၅၁ သိန်းကို လှူဒါန်းကြပြီး မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင်က လက်ခံ၍ ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

ဆရာကြီး သခင်ကိုယ်တော်မှိုင်း (ဆရာလွန်း)အား ဂုဏ်ပြုသောအားဖြင့် ဆရာကြီး၏ မွေးရပ်ဇာတိ ရွှေတောင်မြို့နယ် ဝါးလည်ကျေးရွာ၌ အလျားပေ ၄၀၊ အနံပေ ၃၀ ရှိ စာကြည့်တိုက် ဆောက်လုပ်သွားမည်ဖြစ်ပြီး ငွေကျပ်သိန်း ၁၂၀ ကျော် ကုန်ကျမည် ဖြစ်သည်။ "ဆရာလွန်း" စာကြည့်တိုက်တည်ဆောက်ရာတွင် ငွေကြေးနှင့် စာအုပ်စာစောင် လှူဒါန်းလိုသူများအနေဖြင့် မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင် ဖုန်း-၀၉-၅၁၂၄၅၂၁၊ ဒုတိယဥက္ကဋ္ဌ ဦးညွန့်ဆွေ ဖုန်း-၀၉-၈၆၃၂၅၇၃၊ အတွင်းရေးမှူး ဖုန်း-၀၁-၃၇၁၃၄၂/၃၉၈၇၅၆၊ အလုပ်အမှုဆောင် ဦးခန့်စည်သူ ဖုန်း-၀၉-၅၁၇၂၇၂၇၊ ဒေါက်တာချစ်စံဝင်းဖုန်း-၀၉-၅၀၁၆၈၃၁၊ ဦးချစ်နိုင် ဖုန်း-၀၁-၅၅၁၇၁၉၊ ဦးဟိန်းလတ် ဖုန်း-၀၉-၅၅၀၁၇၂၄ နှင့်ဒေါက်တာသန့်သော်ကောင်း ဖုန်း-၀၉-၅၀၀၅၄၁၀ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှာစကားပြောကြား

မတ် ၂၄ ရက်က လှိုင်မြို့နယ် နွေရာသီ ဗုဒ္ဓယဉ်ကျေးမှုသင်တန်းဖွင့်ပွဲ အခမ်းအနားကို အမှတ်(၁၃)ရပ်ကွက် ပဏ္ဍိတာရာမစာသင်တိုက်ကြီး၌ ကျင်းပရာ မြို့နယ်သာသနာ့နုဂ္ဂဟအသင်းဥက္ကဋ္ဌ သီဟသုမ္မမဏိဇောတရဲ ဦးခင်လှက အမှာစကားပြောကြားစဉ်။ (၁၂၂)

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား ကိုရီးယားအဖွဲ့ တွေ့ဆုံ

နေပြည်တော် ဧပြီ ၅

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား ကိုရီးယားသမ္မတနိုင်ငံ Seoul National University Hospital, Public Health Medical Services Department မှ Vice President Dr. Ahn Curie နှင့်အဖွဲ့သည် ဧပြီ ၄ ရက် နံနက် ၁၀နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ရုံးခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(ယာပုံ)**

ဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့်ကိုရီးယားသမ္မတနိုင်ငံတို့အကြား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် နည်းပညာဖလှယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးတက်စေရေးအတွက် မြန်မာဆရာဝန်များအား ကိုရီးယားသမ္မတနိုင်ငံသို့စေလွှတ်၍ လေ့ကျင့်သင်ကြားရေးဆိုင်ရာကိစ္စရပ်များ၊ ကိုရီးယားသမ္မတနိုင်ငံမှ ဆရာဝန်များ မြန်မာနိုင်ငံသို့လာရောက်၍ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရန် ကိစ္စရပ်များ၊ ကူးစက်ရောဂါကာကွယ်ရေးလုပ်ငန်းများနှင့်ဆေးကုသမှုလုပ်ငန်းများတွင် ပိုမိုပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်များကို ဆွေးနွေးခဲ့ကြသည်။

ယင်းသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီးဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်၊ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းနိုင်ဦး၊ ဆေးသိပ္ပံပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းဇော်မြင့်နှင့်တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်အား မလေးရှားနိုင်ငံအခြေစိုက်အဖွဲ့ တွေ့ဆုံ

နေပြည်တော် ဧပြီ ၅

ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်အား မလေးရှားနိုင်ငံ အခြေစိုက် TPS WOODEN INDUSTRIES SDN BHD မှ ထိုင်းနိုင်ငံသား Managing Director Mr.Nattawin Phongsphetrara ဦးဆောင်သော အဖွဲ့သည် ဧပြီ ၄ ရက် ညနေ ၃နာရီတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး **(ဝဲပုံ)** တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စများကို ဆွေးနွေးကြသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် တိုင်းဒေသကြီးလုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမောင်မောင်ဝင်း၊ တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဦးဝင်းကိုကိုနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာဖတ်ရှိန်မြှင့်တင်ရေးပြိုင်ပွဲဆုရသူများအား ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

ကျိုက်ထို ဧပြီ ၅

ကျိုက်ထိုမြို့နယ်အတွင်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး စာစီစာကုံး၊ ကဗျာနှင့် ကျပန်းစကားပြောပြိုင်ပွဲ ဆုရရှိသူများအား ဆုချီးမြှင့်ပွဲနှင့် စာအုပ်လှူဒါန်းပွဲကို မတ် ၂၅ရက်က ကင်မွန်းချောင်းကျေးရွာ အုပ်စု ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းအောင်က စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး အကြောင်း ဆွေးနွေးသည်။ ဆက်လက်၍ စာစီစာကုံးပြိုင်ပွဲ၌ ဆုရရှိသူ ငါးဦးအား ပအိုးဝ်တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးခွန်ဖေမြက လည်းကောင်း၊ ကျပန်းစကားပြောပြိုင်ပွဲ၌ ဆုရရှိသူ ငါးဦးအား ကျိုက်ထိုမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွန်းက လည်းကောင်း၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၌ ဆုရရှိသူ ငါးဦးအား ပြည်နယ်လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းအောင်က လည်းကောင်း ဆုများချီးမြှင့်ခဲ့သည်။

ထို့နောက် ကျေးရွာစာကြည့်တိုက် (၁၀)တိုက်သို့ ငွေကျပ်ငါးသိန်းတန်ဖိုးရှိ သုတ/ရသ စာအုပ် ၁၂၅၀ကို ခရိုင်ဦးစီးအရာရှိ ဒေါ်ခင်စောလင်းက ကျေးရွာစာကြည့်တိုက် ကော်မတီထံသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

အသေးစားငွေရေးကြေးရေးလုပ်ငန်း ရှင်းလင်းပွဲကျင်းပ

နေပြည်တော် ဧပြီ ၅

အသေးစားငွေရေးကြေးရေးလုပ်ငန်း သိကောင်းစရာများရှင်းလင်းပွဲကို ဧပြီ ၄ ရက် နံနက် ၈ နာရီခွဲတွင် လွိုင်ကော်မြို့ ကယားပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး ပြည်နယ်အသေးစားငွေရေးကြေးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ဦးသန်းကျော်စိုး၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးအောင်နိုင်ဦး၊ ပြည်နယ်အသေးစား ငွေရေးကြေးရေးဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ အသေးစားငွေရေးကြေးရေး လုပ်ငန်းလုပ်ကိုင်လိုသည့် အဖွဲ့အစည်းများ တက်ရောက်ကြပြီး အသေးစား ငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီအတွင်းရေးမှူး မြန်မာ့အသေးစား ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးထိန်လင်းက အသေးစား ငွေရေးကြေးရေးလုပ်ငန်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များနှင့် သိကောင်းစရာများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဗီယက်နမ်နိုင်ငံ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရောက်ရှိ

ရန်ကုန် ဧပြီ ၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr. Huynh Ngoc Son ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဧပြီ ၄ ရက် ည ၈ နာရီခွဲတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ရောက်ရှိလာရာ အမျိုးသားလွှတ်တော် ဘဏ္ဍာရေးနှင့် ဥပဒေရေးရာ ကော်မရှင်အဖွဲ့ဝင်ဦးမြင့်သိန်း၊ လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်မြဝင်း၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံရုံး ဒုတိယအကြီးအကဲ Mr. Tran Phuoc Anh နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သို့ ဘောလုံးများလှူဒါန်း

ရန်ကုန် ဧပြီ ၅

ဂျပန်ဘောလုံးအဖွဲ့ချုပ်မှ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သို့ ဘောလုံးနှင့် ဆက်စပ်ပစ္စည်းများလှူဒါန်းပွဲကို ယနေ့ညနေ ၄ နာရီခွဲက အဖွဲ့ချုပ်ရုံးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E. Mr. Takashi Saito၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများ၊ ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့တောင်အာရှရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Mr. Kunio Umeda နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် ညွှန်ကြားရေးမှူးချုပ် Mr. Kunio Umeda တို့က အမှာစကားပြောကြားကြသည်။ ဆက်လက်၍ ဂျပန်ဘောလုံးအဖွဲ့ချုပ်က လှူဒါန်းသည့် ဘောလုံးအလုံး ၅၀ နှင့် ဆက်စပ်ပစ္စည်းများကို ညွှန်ကြားရေးမှူးချုပ် Mr.Kunio Umeda က လှူဒါန်းရာ ဥက္ကဋ္ဌဦးဇော်ဇော်က လက်ခံရယူသည်။ **(အပေါ်ပုံ)** ထို့နောက် ဥက္ကဋ္ဌ ဦးဇော်ဇော်က အမှတ်တရလက်ဆောင်များ ပြန်လည်ပေးအပ်သည်။ **(မြန်မာ့အလင်း)**

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဧပြီ ၅

ရန်ကုန်ဂေါက်အသင်း (တည်းကုန်း)၌ မောင်ရဲထက်အောင်သည် မတ် ၂၅ ရက် နံနက် ၈ နာရီ ၁၅ မိနစ်က ကစားဖော်များ ဖြစ်ကြသော မောင်ကောင်းမိုးထွန်း၊ မောင်စည်သူရဲရင့်၊ မောင်ညဏ်လင်း၊ မောင်ဝေယံလင်း တို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ် (၁၁)ကို ၁၆၂ ကိုက်အကွာမှ Titleist Pro V1 ဘောလုံးကို Titleist Iron (9) တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

ကျေးရွာချင်းဆက် ကျောက်ချောလမ်းသစ်ဖွင့်

ဝါးခယ်မ ဧပြီ ၅

ဝါးခယ်မမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပြီးစီးသော အူကျွန်းကံကွင်းကျေးရွာချင်းဆက် ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို မတ် ၂၇ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။ အဆိုပါကျောက်ချောကတ္တရာ လမ်းသစ်ကို ရောဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး ဦးကျော်ဝင်းနိုင်၊ ရောဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်လွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးထွန်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်နိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ)** ကျောက်ချောလမ်းသစ်မှာ အလျားပေ ၁၃၄၀၊ အကျယ် ၁၀ ပေ ရှိကြောင်း သိရှိရသည်။

(၁၇၂)

ပရိဘောဂပြပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၅

မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း၏ကြီးကြပ်မှုဖြင့် Yangon Lifestyle Furniture Fair ပြပွဲကို မတ် ၃၀ ရက်မှ ဧပြီ ၃ ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ခင်းကျင်းပြသခဲ့ရာ ဆုချီးမြှင့်ခြင်း အခမ်းအနားကို ပြပွဲနောက်ဆုံးနေ့ဖြစ်သည့် ဧပြီ ၃ ရက် ညနေတွင် ကျင်းပသည်။

ပေးအပ်ချီးမြှင့်

ပြပွဲတွင် ပါဝင်ပြသခဲ့သည့် ကုမ္ပဏီများအား မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များ အသင်းက ပြပွဲဆု (၁၂)ဆု သတ်မှတ်၍ စိစစ်ရွေးချယ်ချီးမြှင့်ရာ Honour of Fair Award ဆုကို မြန်မာ့သစ်လုပ်ငန်းက လည်းကောင်း၊ Award of Design ဆုကို Lin Win ကုမ္ပဏီကလည်းကောင်း၊ Traditional Furniture Award ဆုကို ရွှေနန္ဒဝန် မြန်မာ့လက်မှုအနုပညာလုပ်ငန်းက လည်းကောင်း ရရှိကြပြီး ဆုရရှိသူများကို မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးစိန်လွင်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။

(အပေါ်ပုံ) (သစ်လုပ်ငန်းရှင်များအသင်း)

နိုင်ငံတကာသတင်းများ

အိန္ဒိယသမုဒ္ဒရာအတွင်း ၄၈ နာရီကြာ တိုက်ပွဲဖြစ် ပင်လယ်ဓားပြ ၁၂ ဦး အီရန်ရေတပ်ဖမ်းဆီးမိ

တီဟီရန် ဧပြီ ၅

အီရန်ရေတပ်သည် အီရန်နိုင်ငံသို့ အပြန်ခရီး၌ အိန္ဒိယသမုဒ္ဒရာအတွင်း ပင်လယ်ဓားပြတိုက်ခံရသည့် ကုန်သင်္ဘောတစ်စင်းကို ကယ်တင်ခဲ့ပြီး ပင်လယ်ဓားပြများနှင့် ၄၈ နာရီကြာတိုက်ပွဲဖြစ်ပွားပြီးနောက် ပင်လယ်ဓားပြ ၁၂ ဦးအား ဖမ်းဆီးလိုက်ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။

ကုန်သင်္ဘောမှာ မတ် ၂၆ ရက်က ဓားပြတိုက်ခံရပြီး ပင်လယ်ဓားပြများက သင်္ဘောပေါ်တက်ကာ အပိုင်စီးထားခြင်းဖြစ်ကြောင်း အီရန်ရေတပ်ဗိုလ်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဟာဘီဘိုလာဆေယာရီက တီဟီရန်မြို့၌ ဧပြီ ၃ ရက်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားလိုက်သည်။ အီရန်ရေတပ်မရိန်းတပ်ဖွဲ့ဝင်များနှင့် ပင်လယ်ဓားပြများ ၄၈ နာရီကြာတိုက်ပွဲဖြစ်ခဲ့ကြောင်း၊ ထိုအတောအတွင်း ၃၆ နာရီမှာ အပိုင်စီးခံရသည့် သင်္ဘောပေါ်တွင် တစ်ဖက်နှင့်တစ်ဖက် ရင်ဆိုင်တိုက်ခဲ့ရခြင်းဖြစ်ကြောင်း ရေတပ်ဒုတိယဗိုလ်ချုပ်ကြီး ဟာဘီဘိုလာဆေယာရီက ပြောကြားသည်။ **(အင်တာနက်)**

ဩစတြေးလျနိုင်ငံ ဒါဝင်မြို့သို့ အမေရိကန် ပထမသုတ် မရိန်းတပ်ဖွဲ့ရောက်ရှိ

ဒါဝင် ဧပြီ ၅

အာရှ-ပစိဖိတ်ဒေသတွင် အမေရိကန်တပ်များ ဖြန့်ကြက်မှုတိုးချဲ့ရေးအစီအစဉ်အရ မြေပိုင်နယ်မြေ၌ ခြောက်လကြာ ဖြန့်ကြက်ထားရန် အမေရိကန်မရိန်းတပ်ဖွဲ့ဝင် ၂၀၀ ခန့် ဩစတြေးလျသို့ ဆိုက်ရောက်လာသည်။ **(အပေါ်ပုံ)**

အစီအစဉ်ရှိ

အမေရိကန် မရိန်းတပ်ဖွဲ့ဝင် ၂၅၀၀ ၏ ပထမသုတ်ဖြစ်သည့် အင်အား ၂၀၀ ခန့်သည် ဩစတြေးလျနိုင်ငံမြောက်ပိုင်း ဒါဝင်မြို့သို့ ဧပြီ ၃ ရက်ညနေက ရောက်ရှိလာခဲ့သည်။ ၎င်းတပ်ဖွဲ့ဝင်များသည် ဩစတြေးလျတပ်များနှင့် စစ်ရေးလေ့ကျင့်မှု၌ ပါဝင်မည်ဟု မျှော်လင့်ရပြီး ဒေသတွင်းအခြားနိုင်ငံများသို့ သွားရောက်ပြီး လေ့ကျင့်ရေးနှင့်သင်တန်းပေးရေးတွင် ပါဝင်ဆောင်ရွက်ရန် အစီအစဉ်ရှိကြောင်း အမေရိကန်မရိန်းတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အဆိုပါတပ်များသည် နောက်ဆုံးတွင် အလှည့်ကျတာဝန်ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ထည့်သွင်းပြောကြားသည်။ **(အင်တာနက်)**

ဆီးရီးယားမှ ရေနံတင်သင်္ဘော စူးအက်တူးမြောင်းဖြတ်သန်းခွင့်ပြု

ကိုင်ရို ဧပြီ ၅

ဆီးရီးယားရေနံတင်ဆောင်လာသည့်သင်္ဘောတစ်စင်းကို လိုအပ်သည့်ပေးသွင်းစရာငွေများ ပေးသွင်းပြီးနောက် အီဂျစ်နိုင်ငံ စူးအက်တူးမြောင်းကို ဖြတ်သန်းခွင့်ပြုလိုက်ကြောင်း အီဂျစ်အရာရှိတစ်ဦးက ပြောကြားသည်။

သယ်ယူပို့ဆောင်

အိုင်အက်စ်အိုင်အမ်တိုးကုမ္ပဏီလီမိတက်ပိုင် တန်ချိန် ၈၁၀၀၀ ရှိ အမ်တီတိုးသင်္ဘော **(ဝဲပုံ)**သည် ဆီးရီးယားရေနံများကို စင်ကာပူနိုင်ငံသို့ သယ်ယူပို့ဆောင်ပေးခြင်းဖြစ်ကြောင်း စူးအက်တူးမြောင်းအရာရှိက ဧပြီ ၃ ရက်တွင် ပြောကြားသည်။

အဆိုပါသင်္ဘောသည် ဆီးရီးယားရေနံစိမ်း တန် ၁၂၀၀၀၀ သယ်ဆောင်သွားခြင်းဖြစ်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြပါရှိသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းအတိုအထွာ ၅-၄-၂၀၁၂

တင်မောင်လွင် - စုစည်းသည်

ယူကရိန်းတွင် ပြည်ပကျောင်းသားများ ပိုမိုတိုးမြင့်လာ

ယူကရိန်းနိုင်ငံသည် ပညာရေးအာမခံချက်ဂုဏ်သတင်းကောင်းမွန်ပျံ့နှံ့မှုနှင့် အဆင့်မြင့်ပညာရေးသင်ကြားမှုတွင် သင့်တော်သောဈေးနှုန်းရှိခြင်းတို့ကြောင့် နိုင်ငံအတွင်းရှိ ယူကရိန်းတက္ကသိုလ်၌ ပြည်ပကျောင်းသားအရေအတွက်မှာ လျင်လျင်မြန်မြန် မြင့်တက်လာခဲ့ကြောင်း ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ဧပြီ ၅ ရက်တွင် ထုတ်ပြန်ချက်တစ်ရပ်တွင် ပြောကြားသည်။

ယူကရိန်းနိုင်ငံ၏ ပညာရေးကဏ္ဍမှ ကမ္ဘာ့ခေါင်းဆောင်များ မွေးထုတ်ပေးလျက်ရှိကြောင်း ယူကရိန်းပညာရေးဝန်ကြီးဌာနမှ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး ဒုတိယအကြီးအကဲမိုက်ခါလန်ဒိုက ညီလာခံတစ်ရပ်တွင် ပြောကြားခဲ့သည်။ ယူကရိန်းနိုင်ငံတွင် ယခုလက်ရှိ၌ ပညာသင်ယူနေသည့် နိုင်ငံခြားသားကျောင်းသားများမှာ ၅၅၀၀၀ ခန့်ရှိပြီး ပြီးခဲ့သည့် ၂၀၁၁ ခုနှစ်က ၄၈၀၀၀ ရှိသည်ထက် ပိုတိုးလာသည်ကို တွေ့ရကြောင်း ၎င်းက ပြောကြားသည်။

ပါကစ္စတန်နိုင်ငံအရှေ့ပိုင်းတွင် နေအိမ်တစ်လုံးအမိုးပြိုကျ

ပါကစ္စတန်နိုင်ငံအရှေ့ပိုင်း ပန်ဂျပ်ပြည်နယ်တွင် ဧပြီ ၅ ရက်က နေအိမ်တစ်လုံး အမိုးပြိုကျမှုကြောင့် လူငါးဦးသေဆုံးပြီး အခြားသုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသတွင်း အူရဒူရုပ်မြင်သံကြားက သတင်းထုတ်လွှင့်ခဲ့သည်။

အဆိုပါ အမိုးပြိုကျမှုသည် ပါကစ္စတန်နိုင်ငံအရှေ့ပိုင်း ပန်ဂျပ်ပြည်နယ် လာဟိုးမြို့ အနောက်တောင်ဘက် ၂၁၄ ကီလိုမီတာအကွာခန့်ရှိ အရစ်ဖ်ဝါလာမြို့ငယ်အနီး ကျေးရွာတစ်ရွာအတွင်းရှိ နေအိမ်တစ်အိမ်တွင် ယင်းနေ့နံနက်အစောပိုင်းက မိုးများသည်းထန်စွာရွာသွန်းမှုကြောင့် ရုတ်တရက်ပြိုကျခဲ့ခြင်းဖြစ်သည်။ အိမ်အတွင်း လူငါးဦးအိပ်ပျော်နေချိန်တွင် ထိုသို့အမိုးပြိုကျခဲ့ခြင်းဖြစ်ပြီး သေဆုံးသူများမှာ ယင်းအိမ်ပိုင်ရှင်တစ်ဦးနှင့် ၎င်း၏သားလေးဦးတို့ဖြစ်ကြသည်။

အင်ဒိုနီးရှားလေဆိပ်၌ ခရီးသည်ဝင်ထွက်မှု စံချိန်တင်မြင့်တက်

အင်ဒိုနီးရှားနိုင်ငံ အကြီးဆုံးလေဆိပ်ဖြစ်သည့် ဆိုကာဒိုဟတ်တာလေဆိပ်သည် ၂၀၁၁ ခုနှစ်တွင် ခရီးသည် ၅၂ ဒသမ ၄၄ သန်းကို ဝန်ဆောင်မှုပေးနိုင်သည့်အတွက် ၁၉ ဒသမ ၂ ရာခိုင်နှုန်းတိုးလာကာ ကမ္ဘာ့ခရီးသည်အဝင်အထွက် အများဆုံးလေဆိပ်အဖြစ် စံချိန်တင်ခဲ့ကြောင်း အဆိုပါလေဆိပ်အရာရှိတစ်ဦး၏ ပြောကြားချက်အား ကိုးကား၍ ကွန်ပတ်နေ့စဉ်ထုတ်သတင်းစာက ဧပြီ ၅ ရက်တွင် ဖော်ပြသည်။

အဆိုပါလေဆိပ်သည် နှစ်စဉ်ခရီးသည် ၅၁ သန်း ဝင်ထွက်လျက်ရှိပြီး ၂၀၁၁ ခုနှစ်က ခရီးသည်အရေအတွက် လျင်လျင်မြန်မြန် တိုးလာခဲ့ကြောင်း၊ လာမည့်နှစ်နှစ်အတွင်းတွင် ခရီးသည် ၆၂ သန်းအထိ ရောက်ရှိလာနိုင်သည်ဟု မျှော်မှန်းထားကြောင်း လေဆိပ်အော်ပရေတာတစ်ဦးဖြစ်သည့် ဆန်နီကိုက ပြောကြားသည်။

ကင်ညာနိုင်ငံတွင် ဗုံးခွဲတိုက်ခိုက်မှုများဖြစ်ပွား

ကင်ညာနိုင်ငံ မွန်ဘာဆာနှင့် အမ်တွာပါဆိပ်ကမ်းမြို့တို့တွင် ပေါက်ကွဲမှုများဖြစ်ပွားသဖြင့် တစ်ဦးသေဆုံးပြီး ၂၄ ဦး ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့က ကြေညာသည်။ မွန်ဘာဆာမြို့မြောက်ဘက် စားသောက်ဆိုင်သို့ မတ် ၃၁ ရက်ည ၈ နာရီဝန်းကျင်က လက်ပစ်ဗုံးပစ်ခွဲသဖြင့် ရဲအရာရှိတစ်ဦး အပါအဝင် လူသုံးဦး ဒဏ်ရာရရှိသွားသည်။ ယင်းနောက် မိနစ်ပိုင်းအတွင်းမှာပင် အမ်တွာပါမြို့၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ တစ်ဦးသေဆုံးပြီး ၂၁ ဦး ဒဏ်ရာရရှိသွားသည်။ ဒဏ်ရာရသူများတွင် နှစ်ဦးမှာ ဒဏ်ရာပြင်းထန်သည်ဟုဆိုသည်။ (အင်တာနက်)

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် - စုစည်းသည်

လေယာဉ်မှူးအခန်း၌ မြွေငယ်တွေ့ရှိသဖြင့် အရေးပေါ်ဆင်းသက်ခဲ့ရ



ဆစ်ဒနီ ဧပြီ ၅

ဩစတြေးလျလေကြောင်းလိုင်းမှ လေယာဉ်တစ်စင်း ဝေဟင်တွင် ပျံသန်းနေစဉ် လေယာဉ်မှူး၏ရှေ့ဘက်အဖုံးပါ အံ့ဝှက်တစ်ခုအတွင်းမှ မြွေတစ်ကောင်ရုတ်တရက်ထွက်လာပြီး လေယာဉ်မှူးအား ရန်မူမည့်အနေအထားရှိသဖြင့် လေယာဉ်ကို အရေးပေါ်ဆင်းသက်ခဲ့ရကြောင်း ဧပြီ ၅ ရက်က သတင်းထုတ်ပြန်ခဲ့သည်။ (ဝဲပုံ)

ဩစတြေးလျနိုင်ငံ ဖရွှန်တီးနားလေကြောင်းလိုင်းမှ ကုန်တင်လေယာဉ်တစ်စင်းသည် ဒါဝင်မြို့မှ ပက်လီမင်နာဟီမြို့သို့ စတင်ပျံသန်းနေစဉ် လေယာဉ်မှူး၏ ရှေ့ဘက်အံ့ဝှက်တစ်ခုအတွင်းမှ မြွေတစ်ကောင်ထွက်လာသဖြင့် ဒါဝင်မြို့လေဆိပ်သို့ အရေးပေါ်ပြန်ဆင်းခဲ့ရခြင်းဖြစ်သည်။

အခက်အခဲဖြစ်ခဲ့

မြွေကို ရုတ်တရက်တွေ့လိုက်ရသဖြင့် မိမိသည် သွေးများတိုးပြီး နှလုံးခုန်ရပ်သွားမတတ်ဖြစ်ခဲ့ရကြောင်း၊ လေယာဉ်ကို အရေးပေါ်ပြန်ဆင်းခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။

၎င်းမြွေမှာ လေယာဉ်ပေါ် မည်သို့ပါရှိလာသည် မသိရှိရကြောင်း၊ မြွေ၏ဦးခေါင်းမှာ လေယာဉ်မှူး၏ရှေ့ဘက် အရေးပေါ်ကြေညာချက်များ ထုတ်ပြန်သည့်ခလုတ်အနီးတွင် ရှိနေသဖြင့် အခက်အခဲဖြစ်ခဲ့ရကြောင်း သိရသည်။ **(အင်တာနက်)**

တရုတ်နိုင်ငံ၌ ပလတ်စတစ်စက်ရုံ မီးလောင်

နန်ဘို ဧပြီ ၅

တရုတ်နိုင်ငံ ကျီကျင်းပြည်နယ်အရှေ့ပိုင်း နန်ဘိုမြို့တွင်ရှိသော ပလတ်စတစ်စက်ရုံ ဧပြီ ၄ ရက်က မီးလောင်မှုဖြစ်ပွားရာ ကုန်ကြမ်းပစ္စည်းများအပါအဝင် ၎င်းစက်ရုံလည်း ပျက်စီးဆုံးရှုံးမှုရှိခဲ့ကြောင်း ဧပြီ ၅ ရက်တွင် သတင်းထုတ်ပြန်သည်။

မီးလောင်မှုမှာ ယင်းနေ့ နံနက် ၆ နာရီ ၄၅ မိနစ်ခန့်က စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး မီးသတ်ယာဉ် ၂၀ စီးနှင့် မီးသတ်သမား ၁၃၀ ခန့်တို့ ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ရသည်။

ပလတ်စတစ်စက်ရုံ မီးလောင်မှုကြောင့် စက်ရုံအတွင်းသိုလှောင်ထားသော ပလတ်စတစ်ကုန်ကြမ်းပစ္စည်း တန် ၃၀၀ ခန့်မီးလောင်ပျက်စီးခဲ့သည်။ ထို့အပြင် စက်ရုံအဆောက်အအုံ၏ အစိတ်အပိုင်းများလည်း မီးလောင်ကျွမ်းခဲ့ရကြောင်း သတင်း၌ ဖော်ပြသည်။ **(အင်တာနက်)**

ဟောင်ကောင်ကုန်သင်္ဘောတစ်စင်း ဂျပန်ကမ်းလွန်၌ ပျောက်ဆုံး

အိုဆာကာ ဧပြီ ၅

ဟောင်ကောင်မှ ကုန်တင်သင်္ဘောတစ်စင်းသည် ဂျပန်နိုင်ငံတောင်ပိုင်း ကမ်းလွန်ရေပြင်တွင် ဧပြီ ၄ ရက် နံနက်က အဆက်အသွယ်ပြတ်တောက်ပြီး ပျောက်ဆုံးလျက်ရှိကြောင်း ဧပြီ ၅ ရက်က သတင်းထုတ်ပြန်သည်။

အဆိုပါသင်္ဘော **(ယာပုံ)**သည် နယူးလပ်ကီး-၇ အမည်ရှိ ကုန်တင်သင်္ဘောဖြစ်ပြီး သင်္ဘောပေါ်တွင် ကုန်တန်ချိန် ၄၁၄၃ တန်နှင့် သင်္ဘောသားစုစုပေါင်း ၁၇ ဦးတို့ လိုက်ပါခဲ့ကြခြင်းဖြစ်သည်။ ၎င်းသင်္ဘောသားအများစုမှာ အင်ဒိုနီးရှားသင်္ဘောသားများဖြစ်ကြသည်။

အဆက်အသွယ်ပြတ်

ယင်းကုန်သင်္ဘောမှာ ပါပူဝါနယူးဂီနီမှ တရုတ်နိုင်ငံသို့ မောင်းနှင်လာစဉ် ဂျပန်နိုင်ငံ အမာမီအိုရှီမာကျွန်းကမ်းလွန် အနောက်ဘက်ကီလိုမီတာ ၁၀၀ ခန့်အကွာ ရေပြင်၌ အဆက်အသွယ်ပြတ်တောက်သွားခြင်းဖြစ်သည်။

ဟောင်ကောင်အာဏာပိုင်များက ၎င်းကုန်တင်သင်္ဘောကို ကူညီရှာဖွေပေးရန် တောင်းဆိုမှုတစ်ရပ်ကြောင့် ဂျပန်ကမ်းခြေ စောင့်တပ်ဖွဲ့က ရှာဖွေလျက်ရှိကြောင်း၊ ၎င်းသင်္ဘောသည် လွန်ခဲ့သည့် နှစ်ရက်ခန့်က ပင်လယ်ပြင်တွင် ဖြစ်ပေါ်ခဲ့သော မုန်တိုင်းတိုက်ခတ်မှုဒဏ် ခံရဖွယ်ရှိကြောင်း သတင်း၌ ဖော်ပြသည်။ **(အင်တာနက်)**

နိုင်ငံတကာအားကစားမြင်ကွင်း

အာကာဟိန်း – စုစည်းသည်

မန်စီးတီးအတွက် လက်စ်ကော့တ်ပြန်လာပြီ

လန်ဒန် ဧပြီ ၅

မန်စီးတီးအသင်း၏ အဓိကနောက်တန်းကစားသမား လက်စ်ကော့တ်သည် ခြေသလုံးကြွက်သားဒဏ်ရာရခဲ့ရာမှ ပြန်လည်ကောင်းမွန်လာပြီဖြစ်၍ လာမည့် တနင်္ဂနွေနေ့တွင် မန်စီးတီးနှင့် အာဆင်နယ်တို့ကစားမည့်ပွဲမှစပြီး ပြန်လည်ကစားနိုင်တော့မည်ဖြစ်သည်။

မန်စီးတီးအသင်းသည် တိုက်စစ်မှူးများ ဂိုးသွင်းကောင်းသော်လည်း နောက်တန်းမလုံသဖြင့် သရေနှင့် အရှုံးပွဲများဖြင့် ရင်ဆိုင်ခဲ့ရပြီး ပြိုင်ဘက်မန်ယူနှင့် ရမှတ်ငါးမှတ်ကွာသွားခဲ့ရသည်။

အသက် ၂၉ နှစ်ရှိ နောက်တန်းကစားသမား လက်စ်ကော့တ် **(အပေါ်ပုံ)** သည် ပြီးခဲ့သည့်လက စပို့တင်းလစ္စဘွန်းနှင့် ကစားအပြီး ခြေသလုံးကြွက်သားဒဏ်ရာရခဲ့ခြင်းဖြစ်သည်။ ယင်းဒဏ်ရာကြောင့် ပြိုင်ပွဲငါးပွဲလွဲချော်ခဲ့ရသည်။

မန်ယူနှင့် မန်စီးတီးတို့၏ ဖလားဆွတ်ခူးနိုင်ရေး ကြိုးပမ်းမှုသည် ပိုမိုပြင်းထန်လာပြီး ပွဲစဉ် (၇) ပွဲသာ ကျန်တော့သည်။

မန်ယူနှင့်မန်စီးတီးတို့၏လက်ကျန်ပွဲများ

မန်ယူ	ရက်စွဲ	မန်စီးတီး
ကျူပီအာ(အိမ်ကွင်း)	ဧပြီ ၈	အာဆင်နယ် (အဝေးကွင်း)
ဝီဂန်(အဝေးကွင်း)	ဧပြီ ၁၁	ဝက်စ်ဘရွန်း (အိမ်ကွင်း)
ဗီလာ(အိမ်ကွင်း)	ဧပြီ ၁၅	နော့ဝှစ် (အဝေးကွင်း)
အဲဗာတန်(အိမ်ကွင်း)	ဧပြီ ၂၂	ဝုဗ် (အဝေးကွင်း)
မန်စီးတီး(အဝေးကွင်း)	ဧပြီ ၃၀	မန်ယူ(အိမ်ကွင်း)
ဆွမ်ဆီး(အိမ်ကွင်း)	မေ ၆	နယူးကာဆယ် (အိမ်ကွင်း)
ဆန်းဒါးလန်း(အိမ်ကွင်း)	မေ ၁၃	ကျူပီအာ (အိမ်ကွင်း)

(အင်တာနက်)

ကွင်းလယ်ကစားသမား ရာမီရက်စ် ချယ်လ်ဆီးက ငါးနှစ်စာချုပ်

လန်ဒန် ဧပြီ ၅

ကွင်းလယ်ကစားသမား ရာမီရက်စ်အား ချယ်လ်ဆီးအသင်းက လွန်ခဲ့သည့်လတွင် ငါးနှစ်သက်တမ်းစာချုပ်တစ်ရပ် ချုပ်ဆိုလိုက်ကြောင်း ၎င်းကလပ်က ကြေညာသည်။

ရာမီရက်စ် **(ယာပုံ)**သည် ချယ်လ်ဆီးအသင်း ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲမတက်ရောက်မီကတည်းက ချယ်လ်ဆီးအသင်း အောင်မြင်ရေးအတွက် အဓိကစွမ်းဆောင်ကစားပေးခဲ့သူ ဖြစ်ကြောင်းလည်း ချယ်လ်ဆီးက ကြေညာသည်။

သွင်းယူပေးခဲ့

၎င်းသည် ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ပထမအကျော့အဖြစ် ဘင်ဖီကာအသင်းနှင့်ကစားစဉ် တစ်လုံးတည်းသော အနိုင်ဂိုးကို သွင်းယူပေးခဲ့သူဖြစ်သည်။ အသက် ၂၅ နှစ်ရှိ ရာမီရက်စ်သည် ဘရာဇီးကစားသမားတစ်ဦးဖြစ်ပြီး ၂၀၁၀ ခုနှစ် ဩဂုတ်လတွင် ချယ်လ်ဆီးက ပေါင် ၁၈ သန်းဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်သည်။ ရာမီရက်စ်သည် ၂၀၀၉ ခုနှစ် ဘရာဇီးကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲမှစပြီး အောင်မြင်သည့် ဘောလုံးသမားဖြစ်လာသည်။ **(အင်တာနက်)**

ကင်ညာအပြေးမယ် မာရီကိုင်တာနီ။

လန်ဒန်နိုင်ငံတကာမာရသွန်ပြိုင်ပွဲ လက်ရှိချန်ပီယံ မာရီကိုင်တာနီ ယှဉ်ပြိုင်မည်

နိုင်ရိုဘီ ဧပြီ ၅

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် ဧပြီ ၂၂ ရက်၌ ကျင်းပမည့် လန်ဒန်နိုင်ငံတကာမာရသွန်အပြေးပြိုင်ပွဲတွင် ကင်ညာအပြေးမယ် မာရီကိုင်တာနီ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ကင်ညာ ပြေးခုန်ပစ်အဖွဲ့ချုပ်က ဧပြီ ၄ ရက်တွင် သတင်းထုတ်ပြန်သည်။

အသက် ၃၀ အရွယ်ရှိ မာရီကိုင်တာနီသည် ပြီးခဲ့သည့် လန်ဒန်နိုင်ငံတကာမာရသွန်ပြိုင်ပွဲ၌ ၂ နာရီ ၁၇ မိနစ် ၄၂ စက္ကန့်ဖြင့် ဗိုလ်စွဲခဲ့သူဖြစ်ပြီး သူမအနေဖြင့် ချန်ပီယံဘွဲ့ကို ဆက်လက်ကာကွယ်သွားမည်ဟု ပြောကြားလျက်ရှိသည်။

ရေပန်းအစားဆုံး

မာရီကိုင်တာနီနှင့်အပြိုင် ဘာလင်မာရသွန်ချန်ပီယံ ကီပလာဂတ်လည်း ဝင်ရောက်ဆင်နွှဲမည်ဖြစ်ရာ လန်ဒန်နိုင်ငံတကာမာရသွန်ပြိုင်ပွဲသည် အကြိတ်အနယ်ရှိလာမည့် ပွဲတစ်ပွဲဖြစ်သည်။ ဖလောရင့်ကီပလာဂတ်သည် လက်ရှိ၌ ၂ နာရီ ၁၉ မိနစ် ၄၄ စက္ကန့်ဖြင့် အကောင်းဆုံးပြေးထားနိုင်သည်။ လန်ဒန်နိုင်ငံတကာမာရသွန်ပြိုင်ပွဲသည် ပထမဆုကြေးငွေ အမေရိကန်ဒေါ်လာ ၅၀၀၀၀ ချီးမြှင့်မည်ဖြစ်သည်။

လက်ရှိအချိန်၌ ကင်ညာမှ ကမ္ဘာကျော်မာရသွန်အပြေးမယ်များဖြစ်သော မာရီကိုင်တာနီ၊ ဖလောရင့်ကီပလောဂတ်၊ အက်နာကီပလာဂတ်တို့မှာ ဗိုလ်စွဲရန် ရေပန်းအစားဆုံးဖြစ်နေသည်။ (အင်တာနက်)

ချန်ပီယံလိဂ်အားကစားမြင်ကွင်း

မြင့်မောင်စိုး – စုစည်းသည်

ဘာစီလိုနာတိုက်စစ်မှူး မက်ဆီ ပယ်နယ်တီကန်သွင်းယူစဉ်။

လက်ရှိချန်ပီယံဘာစီလိုနာ အေစီမီလန်ကို အနိုင်ယူ

မက်ဒရစ် ဧပြီ ၅

ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်များကို ဧပြီ ၄ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ ဘာစီလိုနာက အေစီမီလန်ကို သုံးဂိုး-တစ်ဂိုး ဖြင့်နိုင်ပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။

ဂိုးအများဆုံးသွင်း

ဘာစီလိုနာအသင်း၏ ဘောလုံးသူရဲကောင်း မက်ဆီက ပထမပိုင်းမှာပင် ဘာစီလိုနာအသင်းအတွက် အနိုင်ဂိုးနှစ်ဂိုးကို ပယ်နယ်တီမှတစ်ဆင့်သွင်းယူပေးခဲ့သည်။ အသက် ၂၄ နှစ်အရွယ်ရှိ တိုက်စစ်မှူး မက်ဆီသည် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် တတိယအကြိမ်မြောက် ဂိုးအများဆုံးသွင်းသူဖြစ်လာသည်။ အေစီမီလန်အတွက် တစ်လုံးတည်းသော ချေပဂိုးကို ပွဲချိန် ၃၂ မိနစ်တွင် ကွင်းလယ်ကစားသမား နိုဆေးရီနိုက အီဗရာဟင်မိုဗစ်ချ်၏ ဖြတ်တင်ဘောမှတစ်ဆင့် သွင်းယူခဲ့သည်။

တက်ရောက်လာ

သို့သော်လည်း အင်နီယေစတာက ဘာစီလိုနာအသင်းအတွက် တတိယအနိုင်ဂိုးကို ဒုတိယပိုင်း ပွဲချိန် ၅၃ မိနစ်တွင် သွင်းယူခဲ့သည်။ ဘာစီလိုနာနှင့် အေစီမီလန်တို့သည် ပထမအကျော့တွင် ဂိုးမရှိသရေ ဖြစ်ခဲ့သည်။ ယခုဒုတိယအကျော့တွင် သုံးဂိုး-တစ်ဂိုးဖြင့်နိုင်ပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်လာသည်။ (အင်တာနက်)

ချယ်လ်ဆီးနှင့် ဘာစီလိုနာ ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲတွေ့ပြီ

လန်ဒန် ဧပြီ ၅

ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ဒုတိယအကျော့ပြိုင်ပွဲများကို ဧပြီ ၅ ရက် နံနက်ပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြရာ ချယ်လ်ဆီးက ဘင်ဖီကာအသင်းကို နှစ်ဂိုး- တစ်ဂိုးဖြင့် နိုင်ပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။

ချယ်လ်ဆီးအတွက် ဂိုးများကို လမ်းပတ် **(ယာပုံ)**နှင့် မီယာလက်စ်တို့က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ဘင်ဖီကာအတွက် ချေပဂိုးကို ဂါစီယာက သွင်းယူပေးခဲ့သည်။

ချယ်လ်ဆီးအသင်းသည် ဘင်ဖီကာအသင်းကို ပထမအကျော့တွင် တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရထား၍ နှစ်ပွဲပေါင်း သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။ အကြိုဗိုလ်လုပွဲတွင် လက်ရှိချန်ပီယံ ဘာစီလိုနာအသင်းနှင့် ကစားရမည်ဖြစ်သည်။ ချယ်လ်ဆီးအသင်းသည် ကိုးနှစ်အတွင်း ခြောက်ကြိမ်မြောက် အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

အခြားပွဲအဖြစ် ရီးရဲမက်ဒရစ်က အေပိုးလ်အသင်းကို ငါးဂိုး-နှစ်ဂိုးဖြင့်နိုင်ကာ နှစ်ကျော့ပေါင်း ခုနစ်ဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

(အင်တာနက်)

ဘိုင်ယန်မြူးနစ်နှင့် ရီးရဲ ချန်ပီယံလိဂ်အကြိုဗိုလ်လုမည်

မြူးနစ် ဧပြီ ၅

ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ဒုတိယအကျော့ပြိုင်ပွဲများကို ဧပြီ ၄ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားကြရာ **(ဝဲပုံ)**ဂျာမန်ဘွန်ဒက်စ်လီဂါကလပ် ဘိုင်ယန်မြူးနစ်က အိမ်ကွင်း၌ ပြင်သစ်ကလပ် မာဆေးကို နှစ်ဂိုး-ဂိုးမရှိဖြင့် နိုင်လိုက်သည်။

ဘိုင်ယန်မြူးနစ်က အိမ်ရှင်ပီပီပွဲစသည်နှင့် တရကြမ်းတိုက်စစ်ဆင်ကစားခဲ့ရာ ပထမပိုင်းမှာပင် အနိုင်ဂိုးနှစ်ဂိုးစလုံးကို သွင်းယူပေးနိုင်ခဲ့သည်။ ယင်းနှစ်ဂိုးစလုံးကို အိုင်ဗီကာအိုလစ်က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ အိုလစ်သည် ပွဲစပြီး ၁၃ မိနစ်အကြာ ရစ်ဘာရီ၏ဖြတ်တင်ဘောမှတစ်ဆင့် အဖွင့်ဂိုးသွင်းယူခဲ့သည်။ ပွဲချိန် ၃၇ မိနစ်တွင်လည်း အိုလစ်က ဒေးဗစ်အလာဘာ၏ ဖြတ်တင်ဘောမှတစ်ဆင့် နောက်ထပ်ဂိုးသွင်းယူပေးခဲ့သည်။ ယင်းဂိုးမသွင်းမီ ကိုနီခရစ်သွင်းယူသောဘောလုံးမှာ မာဆေးဂိုးတိုင်ထိသွားသဖြင့် တစ်ဂိုးနစ်နာဆုံးရှုံးသွားခဲ့သည်။

ဘိုင်ယန်မြူးနစ်အသင်းသည် ပထမအကျော့တွင်လည်း နှစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ခဲ့သည်။ နှစ်ကျော့ပေါင်း လေးဂိုး-ဂိုးမရှိဖြင့်နိုင်ကာ ဘိုင်ယန်မြူးနစ်တို့ အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။ အကြိုဗိုလ်လုပွဲတွင် ရီးရဲမက်ဒရစ်နှင့် ကစားရမည်ဖြစ်သည်။ ဘိုင်ယန်မြူးနစ်အသင်းသည် ချန်ပီယံလိဂ်ဖလားကို လေးကြိမ်တိုင် ဆွတ်ခူးခဲ့ဖူးသည့်အသင်း ဖြစ်သည်။ **(အင်တာနက်)**

အသင်းသားများ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် လိုအပ်သော အရင်းအနှီးရရှိစေရန် အသေးစားချေးငွေလုပ်ငန်းများအား ကျေးရွာငွေစုဘဏ်ကဲ့သို့ စနစ်တကျ ထုတ်ချေး

နေပြည်တော် မေ ၅

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ တစ်ဦးချင်း ဝင်ငွေတိုးတက်မြင့်မားလာရေး၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးအတွက် သမဝါယမလုပ်ငန်းများသည် အဓိက မောင်းနှင်အားဖြစ်သည့်အတွက် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သောလုပ်ငန်းများမှ အားနည်းချက်၊ အားသာချက်များကို ဆင်ခြင်သုံးသပ် သင်ခန်းစာယူပြီး ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် စီမံကိန်းရည်မှန်းချက်များ ပြည့်မီအောင်မြင်အောင် ဦးစီးဌာနနှင့် လုပ်ငန်းများရှိ နိုင်ငံ့ဝန်ထမ်းအဆင့်ဆင့်က စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် တာဝန်ထမ်းဆောင်ရန် လိုအပ်ကြောင်း။

၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် နှစ်စဉ်စီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တာဝန်သိစိတ်ဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဦးစီးဌာန၊ လုပ်ငန်းတစ်ခုချင်းအလိုက် စီမံကိန်းရည်မှန်းချက်များ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ကြစေလိုကြောင်း၊ သမဝါယမကဏ္ဍအနေဖြင့် စီမံကိန်း အကောင်အထည်ဖော်မှု တိုးတက်မှုနှုန်းကို ၆ ဒသမ ၁ ရာခိုင်နှုန်း ဖြစ်အောင်ဆောင်ရွက်ကြစေလိုကြောင်း၊ ထုတ်လုပ်မှုကဏ္ဍအနေဖြင့် ၅ ဒသမ ၇ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍအနေဖြင့် ၂ ဒသမ ၈ ရာခိုင်နှုန်း၊ ကုန်သွယ်မှုကဏ္ဍ အနေဖြင့် ၉ ဒသမ ၇ ရာခိုင်နှုန်းတိုးတက်ရေး ရည်မှန်းချက်ထားရှိကာ သမဝါယမကဏ္ဍက အကောင်အထည်ဖော်ဆောင်ရွက်ရန် ဖြစ်ကြောင်း။

စီမံကိန်း ရည်မှန်းချက်များအား အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လူတန်းစားအလွှာပေါင်းစုံ ပါဝင်ဆောင်ရွက်နိုင်သည့် သမဝါယမအသင်းများ တိုးချဲ့ဖွဲ့စည်းဆောင်ရွက်ရန်လိုအပ်ကြောင်း၊ လိုအပ်သောငွေကြေးအရင်းအနှီးနှင့် ဘဏ္ဍာရေးခိုင်မာမှုရှိစေရန်အတွက် အသင်းများ၌ အစုတန်ဖိုးတိုးမြှင့်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းများ ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အသင်းသားများ တစ်ဦးချင်း တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် လိုအပ်သော အရင်းအနှီး ရရှိစေရန်အတွက် အသေးစားချေးငွေ လုပ်ငန်းများအား ကျေးရွာ ငွေစုဘဏ်ကဲ့သို့ ဆောင်ရွက်ကာ စနစ်တကျထုတ်ချေးပေးရန် လိုအပ်ကြောင်း။

သမဝါယမ လုပ်ငန်းများနှင့် ပို့ကုန် သွင်းကုန် လုပ်ငန်းများဆောင်ရွက်ရာတွင် ကျွမ်းကျင်ဝန်ထမ်းများ ရရှိရေးအတွက် သမဝါယမ ဒီဂရီကောလိပ်၊ ကောလိပ်များ၊ သမဝါယမ သင်တန်းကျောင်းများက လိုအပ်သော သင်တန်းများကို စနစ်တကျ ဖွင့်လှစ်သင်ကြားသွားမည် ဖြစ်ကြောင်း၊ ကျွမ်းကျင်သည့် အရည်အချင်း ပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန် သမဝါယမ ဒီဂရီကောလိပ် (သန်လျင်)နှင့် သမဝါယမကောလိပ်(စစ်ကိုင်း)တို့ကို သမဝါယမ တက္ကသိုလ်အဆင့် တိုးမြှင့်ရေး စနစ်တကျ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ဖြင့် ယနေ့ နံနက် ၁၀ နာရီခွဲတွင် သမဝါယမဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည့် သမဝါယမဝန်ကြီးဌာန ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် စီမံကိန်း တာဝန်ပေးအပ်ပွဲ အခမ်းအနားတွင် သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သမဝါယမဦးစီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနနှင့် သမဝါယမပို့ကုန်သွင်းကုန်လုပ်ငန်းတို့အား ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် စီမံကိန်းတာဝန်များ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှာစကားပြောကြား

သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် သမဝါယမဝန်ကြီးဌာန ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် စီမံကိန်းတာဝန်ပေးအပ်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ထားဝယ်-ဖူငါယွမ်-(ကန်ချနပူရီ) လမ်းကြောင်းအပိုင်းအား B.O.T စနစ်ဖြင့် ဖော်ဆောင် မြန်မာနိုင်ငံအတွင်း ထပ်မံဖောက်လုပ်မည့် လမ်းအူကြောင်း (၃) ခု ဖောက်လုပ်ရေးဆွေးနွေး

နေပြည်တော် မေ ၅

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးခင်မောင်မြင့် ဦးဆောင်သော အဖွဲ့ဝင် ခုနစ်ဦးပါ မြန်မာကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး H.E.Mr.Jarupong Ruangsuwan ၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ၌ လမ်းအပိုင်းများ အဆင့်မြှင့်တင်ခြင်း၊ လမ်းအသစ် ပြုပြင်ဖောက်လုပ်ခြင်း လုပ်ငန်းကဏ္ဍရပ်များကို ညှိနှိုင်းဆွေးနွေးရန် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မေ ၁ ရက် နံနက် ၁၀ နာရီတွင် ထွက်ခွာပြီး မေ ၂ ရက် နံနက်ပိုင်းတွင် ထိုင်းနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး H. E. Mr. Jarupong Ruangsuwan နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံဝန်ကြီးများ ဦးဆောင်ကာ လမ်းပန်းဆက်သွယ်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ **(အပေါ်ဝဲပုံ)**

ထိုသို့ ဆွေးနွေးရာတွင် ထိုင်းနိုင်ငံအစိုးရ၏ အကူအညီဖြင့် ဆောင်ရွက်လျက်ရှိသော မြဝတီမြို့ အမှတ်(၁) ချစ်ကြည်ရေးတံတား အကြီးစားပြင်ဆင်မှု၊ ၁၈ ကီလိုမီတာ ရှည်လျားသော မြဝတီ-သင်္ကန်းညီနောင် လမ်းအပိုင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ၊ ကီလိုမီတာ ၃၀ အရှည်ရှိသော သင်္ကန်းညီနောင်-ကော့ကရိတ် လမ်းအူကြောင်း အသစ်ဖောက်လုပ်မည့် အခြေအနေများ၊ မြဝတီမြို့၏ မြောက်ဘက်တွင် သောင်ရင်းမြစ်ကို ဖြတ်၍ အမှတ်(၂) ချစ်ကြည်ရေး တံတားတည်ဆောက်မည့် အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။ ထို့အပြင် ၁၁၁ ကီလိုမီတာ အရှည်ရှိသော မော်လမြိုင် - ကော့ကရိတ် - မြဝတီ လမ်းကြောင်းအပိုင်း၊ ၁၀၄ ကီလိုမီတာအရှည်ရှိသော သံဖြူဇရပ်-ဘုရားသုံးဆူ လမ်းကြောင်းအပိုင်း၊ ၁၉၂ကီလိုမီတာ အရှည်ရှိသော မြိတ်-တနင်္သာရီ-မောတောင် လမ်းကြောင်းအပိုင်းများနှင့် စပ်လျဉ်း၍လည်း ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် Amari Watergate Hotel အစည်းအဝေးခန်းမ ဆောင်၌ Italian Thai ဥက္ကဋ္ဌ Mr.Premchai Karnasuta ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးသည်။

ဆွေးနွေး

တွေ့ဆုံ ဆွေးနွေးပွဲတွင် ၁၃၂ ကီလိုမီတာအရှည်ရှိသော ထားဝယ်-ဖူငါယွမ်-(ကန်ချနပူရီ) လမ်းကြောင်းအပိုင်းအား B.O.T စနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် မြန်မာနိုင်ငံအတွင်း ထပ်မံဖောက်လုပ်မည့် လမ်းအူကြောင်းသုံးခုဖြစ်သော မော်လမြိုင်-ကော့ကရိတ် လမ်းအူကြောင်း၊ သံဖြူဇရပ်-ဘုရားသုံးဆူ လမ်းအူကြောင်း၊ တနင်္သာရီ- မောတောင် လမ်းအူကြောင်းအပိုင်းများ ဖောက်လုပ်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

အဆင့်မြှင့်တင်တည်ဆောက်

မေ ၄ ရက် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်နှင့်အဖွဲ့သည် The EMURAL LAND Hotel အစည်းအဝေးခန်းမဆောင်၌ Tran-Asia Co.,Ltd. ဥက္ကဋ္ဌ Mr.SATHOM VANITSTHIAN ဦးဆောင်သောအဖွဲ့နှင့် ဆွေးနွေးရာတွင် ကုမ္ပဏီအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်မှတစ်ဆင့် လာအိုနိုင်ငံနှင့် ထိုင်းနိုင်ငံများကို ဖြတ်သန်း၍ မြန်မာနိုင်ငံ မော်လမြိုင်မြို့သို့ ဝင်ရောက်နိုင်သည့် လမ်းအူကြောင်းသုံးခုဖြစ်သော မြဝတီ-မော်လမြိုင် လမ်းအူကြောင်းအပိုင်း၊ ဖာပွန်-မော်လမြိုင် လမ်းအူကြောင်းအပိုင်း၊ ဘုရားသုံးဆူ-မော်လမြိုင် လမ်းအူကြောင်းအပိုင်းများကို အဆင့်မြှင့်တင် တည်ဆောက်ရေးနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် မေ ၅

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း သင်တန်းအမှတ်စဉ် (၂/၂၀၁၂) ဆင်းပွဲအခမ်းအနားကို မတ် ၃၀ ရက် နံနက် ၁၀ နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ထွန်းခိုင် တက်ရောက်၍ အမှာစကား ပြောကြားပြီး သင်တန်းအောင်လက်မှတ်များ ချီးမြှင့်သည်။ **(အောက်ပုံ)**

အလားတူ မေ ၂ ရက်တွင် နွေရာသီ (မေ) အထူးသင်တန်းကို စတင်ဖွင့်လှစ်မည်ဖြစ်ပြီး မိန်းမဝတ်ကလေးဝတ်၊ သိုးမွေး၊ ဇာထိုးပန်းထိုး၊ ကျားရှပ်၊ ဘော်လီ/ဘရာစီယာ၊ ကုတ်အင်္ကျီ၊ ဘောင်းဘီ၊ စင်တီမီတာ (စက်ချုပ်)၊ သီးယို/ဆီစိမ်၊ မုန့်မျိုးစုံ၊ မြန်မာအစားအစာ၊ တရုတ်အစားအစာ၊ ပန်းအလှပြင် (အခြေခံ/အဆင့်မြင့်)၊ ပန်းပွင့်ပန်းခိုင် ပြုလုပ်နည်း၊ စက်ကလေးပန်းထိုး၊ စက်ကြီး ပန်းထိုး ဘာသာရပ်များ သင်ကြားမည်ဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးယဉ်ထွေး၊ တိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်သူရ၊ အလုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်နှင့်အဖွဲ့ မတ် ၂၁ ရက်က အလုံလမ်းရှိ ဌာနရပ်ကွက်ရုံး၌ မိုးပွင့်(၂) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရေးနှင့် အိမ်ထောင်စုစာရင်းထုတ်ပေးရေး လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးစဉ်။ (မြန်မာ့အလင်း)

အဲကမ္ဘောဇလေကြောင်းလိုင်း လေယာဉ်သစ်များဖြင့် မြို့ကြီးများသို့ တိုးချဲ့ပြေးဆွဲမည်

ရန်ကုန် မေ ၅

ပြည်တွင်းပုဂ္ဂလိကပိုင် လေကြောင်းလိုင်းတစ်ခုဖြစ်သော Air KBZ လေကြောင်းလိုင်း၏ တစ်နှစ်ပြည့်နှစ်ပတ်လည် အခမ်းအနားကို မေ ၂ ရက် ညပိုင်းတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ အခမ်းအနားသို့ Air KBZ လေကြောင်းလိုင်း နာယက ဦးတင်မောင်ထွန်း၊ Air KBZ လေကြောင်းလိုင်း ဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်းနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ နိုင်ငံခြားသံရုံးများမှ ဖိတ်ကြားထားသူများ၊ ပုဂ္ဂလိကလေယာဉ်လက်မှတ် အရောင်းကိုယ်စားလှယ်များ၊ Air KBZ လေကြောင်းလိုင်းအောက်ရှိ ဌာနအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ Air KBZ လေကြောင်းလိုင်းနာယက ဦးတင်မောင်ထွန်းက အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)** ထို့နောက် အနုပညာရှင်များက တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ညစာဖြင့် တည်ခင်းဧည့်ခံသည်။

Air KBZ လေကြောင်းလိုင်းသည် ATR-72 (500) လေယာဉ် သုံးစင်းဖြင့် ပြည်တွင်းခရီးစဉ်များကို ပြေးဆွဲလျက်ရှိပြီး ပွင့်လင်းရာသီအမီ ATR-72 (500) လေယာဉ်တစ်စင်းနှင့် ATR-72 (600) လေယာဉ်တစ်စင်း ထပ်မံရောက်ရှိလာမည် ဖြစ်သည်။ အဆိုပါ ATR-72 (500) လေယာဉ်လေးစင်း၊ ATR-72 (600) လေယာဉ်တစ်စင်း စုစုပေါင်း ငါးစင်းဖြင့် လက်ရှိပြေးဆွဲနေသော မန္တလေး၊ ရန်ကုန်၊ ညောင်ဦး၊ ဟဲဟိုး၊ သံတွဲ၊ စစ်တွေ၊ တာချီလိတ်၊ ကျိုင်းတုံ၊ လားရှိုး၊ မြိတ်၊ ထားဝယ်၊ ကော့သောင်း၊ မုံရွာ၊ ဟုမ္မလင်း၊ မြစ်ကြီးနား၊ နေပြည်တော်၊ ကလေးမြို့များအပြင် အခြားမြို့ကြီးများသို့ တိုးချဲ့ပျံသန်းပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ပညာသင်အတွေ့အကြုံရှင်းလင်းဟောပြောပွဲ ကျင်းပမည်

ရန်ကုန် မေ ၅

မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးနှင့် မြန်မာနိုင်ငံ ဂျပန်ပြန်ပညာသင်ဟောင်းအသင်း (MAJA) တို့ ပူးပေါင်းစီစဉ်မှုဖြင့် Japan Sutdy Program 2012 အရ ပညာသင်လေ့လာရေး ခရီးသွားရောက်ခဲ့သူများ၏ အတွေ့အကြုံရှင်းလင်းဟောပြောပွဲကို မေ ၇ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီအထိ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower ၌ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရှိရသည်။ **(၁၆၈)**

သွေးလှူဒါန်းနိုင်

ရန်ကုန် မေ ၅

မေတ္တာဖြူဟာအဖွဲ့က ကြီးမှူးကျင်းပမည့် (၁၁၅)ကြိမ်မြောက် ဒါနဥပပါရမီ၊ ဒါနပရမတ္ထပါရမီ မေတ္တာသွေးလှူဒါန်းပွဲကို ဗိုလ်တထောင်စေတီတော် ဆိပ်ကမ်းဓမ္မာရုံကြီး၌ မေ ၈ ရက် နံနက် ၈ နာရီခွဲတွင် စတင်ကျင်းပမည်ဖြစ်ရာ သွေးလှူဒါန်းလိုသူ မေတ္တာသွေးလှူရှင်တိုင်း လာရောက်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သင့်သွေးဖြင့် အသက်ကယ်ပါ

ပဲခူးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးစွမ်းအား မြင့်မားတိုးတက်စေရန်အတွက် တည်ဆောက်ပေးထားသော ဝါးကတုတ်ရေကူရေလှောင်တမံနှင့် ရဲနွယ်ရေလွှဲဆည်



ဝါးကတုတ်ရေလှောင်တမံနှင့် ရေထိန်းမျှော်စင်ကို တွေ့ရစဉ်။

ရဲနွယ်ရေလွှဲဆည်၏ ရေထိန်းတံခါးများကို တွေ့ရစဉ်။

ဝါးကတုတ်ရေကူရေလှောင်တမံ

- ❒ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် တောင်ဆတ်အင်းကျေးရွာအနီး တည်ဆောက်ထားသည်။
- ❒ တမံအမြင့် ၈၆ ပေ၊ ပင်မတံတား အလျားပေ ၆၄၀၀ နှင့် ကုန်းကြောတမံ ၃၁၅၅ ပေရှိသည်။
- ❒ ကန်ရေပြည့်ရေလှောင်ပမာဏသည် ဧကပေ ၃၂၆၀၀ ရှိသည်။
- ❒ သနပ်ပင်နှင့် သုံးခွဒေသရှိ လယ်မြေ ဧက ၁၂၀၀ ခန့်ကို စိုက်ပျိုးရေ ပေးဝေနိုင်သည်။

ရဲနွယ်ရေလွှဲဆည်ကို ရေထိန်းတံခါး ရေလွှဲပေါက်များနှင့်အတူ တွေ့ရစဉ်။

သတင်းမှတ်စု - မောင်ငြိမ်းအေး

ရဲနွယ် ရေလွှဲဆည်

- ❒ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ဆီဆုံကုန်းကျေးရွာအနီး တည်ဆောက်ထားသဖြင့် ကျောက်တံခါးမြို့နယ်တွင် စိုက်ပျိုးစွမ်းအား မြင့်မားလာသည်။
- ❒ စိုက်ပျိုးလယ်မြေဧက ၁၁၈၅၀၀ အား ဆည်ရေပေးဝေနိုင်ရန် တည်ဆောက်ထားသဖြင့် နွေစပါးအပြင် သီးထပ်များပါ စိုက်ပျိုးကြသည်။
- ❒ ရေလွှဲဆည် အလျား ၁၅၄ ပေ၊ အကျယ် ၉၉ ပေရှိ၍ အမြင့် ၁၇ ဒသမ ၅ ပေရှိသည်။ ၁၀ ပေ × ၁၅ ပေ တံခါးပေါက် ငါးပေါက်ပါရှိသည်။
- ❒ ညောင်လေးပင်နှင့် စစ်တောင်းမြစ်အကြား ပြွန်တန်ဆာလွင်ပြင် ရေကြီးရေနစ်မြုပ်ခြင်းမှ ကာကွယ်ပေးနိုင်သည်။

ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌနှင့် ဂျပန်သံအမတ်ကြီး တွေ့ဆုံဆွေးနွေး

ရန်ကုန် ဧပြီ ၅

ထိုင်းနိုင်ငံအခြေစိုက် ဂျပန်သံရုံးမှ သံအမတ်ကြီး H.E.Mr. Seiji Kojima နှင့် ဒုတိယအတွင်းဝန် Mr. Ryotaro Hayashi တို့အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဇော်မင်းဝင်း၊ ဦးအောင်လွင်၊ အထွေထွေအတွင်းရေးမှူး ဒေါက်တာမျိုးသက်တို့သည် မတ် ၃၀ ရက် နံနက်ပိုင်းက အသင်းချုပ်ရုံး၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**

တွေ့ဆုံဆွေးနွေးပွဲတွင် နှစ်နိုင်ငံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပူးပေါင်းတိုးမြှင့်ဆောင်ရွက်နိုင်ရေးကိစ္စ၊ မြန်မာနိုင်ငံ၏ စီးပွားရေး ပြုပြင်ပြောင်းလဲလာမှုအခြေအနေများဆိုင်ရာကိစ္စနှင့် ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်နေမှု၊ စက်မှုဇုန်နှင့် စက်မှုလုပ်ငန်းကဏ္ဍများဆိုင်ရာကိစ္စ၊ ကျွန်းသစ်စိုက်ပျိုးထွက်ရှိမှုနှင့် တင်ပို့မှု၊ ရေထွက်ပို့ကုန်ပစ္စည်းများ တင်ပို့နေမှုအခြေအနေများ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကြောင်း သိရှိရသည်။ **(ကုန်သည်/စက်မှုအသင်းချုပ်)**

ရတနာလမ်းနှင့် တောင်ပေါ်ကျောင်းလမ်း ကတ္တရာလမ်းများဖွင့်ပွဲကျင်းပ

ကော့ကရိတ် ဧပြီ ၅

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်သော အမှတ်(၄) ရပ်ကွက် ရတနာလမ်းနှင့် တောင်ပေါ်ကျောင်းလမ်း ကတ္တရာလမ်းများဖွင့်ပွဲအခမ်းအနားကို မတ် ၂၅ ရက် နံနက် ၈ နာရီက အဆိုပါမုခ်ဦး၌ ကျင်းပသည်။

ဖွင့်လှစ်

အဆိုပါလမ်းများကို ကော့ကရိတ်မြို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်မြင့်သိန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ထွန်းနှင့် စည်ပင်အမှုဆောင်အရာရှိ ဦးကျော်ကျော်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

တောင်ပေါ်ကျောင်းလမ်းမှာ အရှည်ပေ ၅၀၀၊ အကျယ် ၁၂ ပေရှိပြီး ကုန်ကျငွေစုစုပေါင်း ငွေကျပ် ၅၂၇၅၀၀၀ နှင့် ရတနာလမ်းမှာ အရှည်ပေ ၄၀၀၊ အကျယ် ၁၄ ပေ ရှိပြီး စုစုပေါင်းကုန်ကျငွေကျပ် ၄၂၂၀၀၀၀ ဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ကျင်းပ

ကျောက်ဆည် ဧပြီ ၅

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို မတ် ၂၄ ရက် မွန်းလွဲ ၂ နာရီက ကျောက်ဆည်မြို့ မြင်စိုင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်စိုးက အမှာစကားပြောကြားပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်း၏ ၂၀၁၂ ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ ဖွင့်ပွဲအခမ်းအနားတွင် မြွက်ကြားသည့် အဖွင့်မိန့်ခွန်းကို ဆေးရုံအုပ်ကြီး ဒေါက်တာယဉ်သန္တာလွင်က ဖတ်ကြားသည်။ ဆက်လက်၍ တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းနှင့်ပတ်သက်၍ ကျောက်ဆည်မြို့နယ်တွင် ဆောင်ရွက်နေသော လုပ်ငန်းများနှင့် ရှေ့လုပ်ငန်းစဉ်များကို မြို့နယ်ကျန်းမာရေးအရာရှိ ဒေါက်တာရာဇာညွန့်က ရှင်းလင်းကာ သံနောက်ရွာမှဦးစိန်မောင်ဝင်းက တီဘီရောဂါဝေဒနာခံစားခဲ့ရစဉ်က ဆေးဝါးကုသမှုခံယူရာ တီဘီရောဂါပျောက်ကင်းသွားခြင်းနှင့်ပတ်သက်၍ပြောကြားသည်။ ထို့နောက် တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းတွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသော ကျန်းမာရေးဝန်ထမ်းများအား ဆုများချီးမြှင့်ကြောင်း သိရှိရသည်။ **(၄၀၈)**

မတ် ၁၉ ရက်က ကော့ကရိတ်မြို့နယ် ကျုံဒိုးချောင်းဖျားကျေးရွာ ဘုန်းတော်ကြီးကျောင်း သာသနာ့ဗိမာန်တွင် ကရင်ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသောင်းဇော် နိုင်ငံသားစိစစ်ရေးကတ်ပြား(၂၅၀)ကို တစ်ဦးချင်းပေးအပ်စဉ်။ (မြို့နယ်လဝက)

မြေကြီး၊ မြေပုံနှင့် သီးနှံစိုက်ကေမှန်ကန်ရေး မော်လမြိုင်ကျွန်းမြို့နယ်၌ ဆောင်ရွက်

မော်လမြိုင်ကျွန်း ဧပြီ ၅

မြို့နယ်တွင်း မြေကြီး၊ မြေပုံ၊ မြေစာရင်းနှင့်သီးနှံစိုက်ကေမှန်ကန်ရေးအတွက် လပွတ္တာခရိုင် မြေစာရင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းဇော်နှင့် အဖွဲ့သည် မတ် ၂၁ ရက် နံနက် ၉ နာရီက မော်လမြိုင်ကျွန်းမြို့နယ် မြေစာရင်းဦးစီးဌာနရုံး၌ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးဟန်မျိုးဝင်းနှင့် ဝန်ထမ်းများအား တွေ့ဆုံပြီး လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ခရိုင်မြေစာရင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးသည် မော်လမြိုင်ကျွန်းမြို့နယ် တယ်ချောင်းကျေးရွာအုပ်စုသို့ ကွင်းဆင်းသွားရောက်ပြီး မြေကြီး၊ မြေပုံ၊ မြေစာရင်းနှင့်သီးနှံစိုက်ကေမှန်ကန်ရေး လုပ်ငန်းနှင့်ပတ်သက်၍ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးဟန်မျိုးဝင်းက ရှင်းလင်းတင်ပြခဲ့ကြောင်း သိရှိရသည်။ **(ဝဇ၅)**

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တွင် အသက်ကိုးလမှ ငါးနှစ်အတွင်း ကလေးသူငယ်များအား အစုလိုက်ဝက်သက်ရောဂါကာကွယ်ဆေးထိုးလုပ်ငန်းကို မတ် ၂၂ ရက်က (၂၄)ရပ်ကွက် အမှတ် (၁၅) မူလတန်းကျောင်း၌ ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နွယ်နီခိုင်နှင့်အဖွဲ့ဝင်များ ပူးပေါင်းပါဝင်ဆောင်ရွက်ကြစဉ်။ (ကျန်းမာရေး)

မြန်မာ့အလင်း သင်္ကြန်မြင်ကွင်း သတင်းပဒေသာ

ကျန်းမာရေးစောင့်ရှောက်မှုများနှင့် အတာသင်္ကြန်

ရန်ကုန် ဧပြီ ၅

မကြာမီကာလအတွင်း မြန်မာတို့၏ ရိုးရာမဟာသင်္ကြန်ပွဲတော်ကို မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပတော့မည်ဖြစ်သည်။ မြန်မာနိုင်ငံသားတိုင်းသည် သင်္ကြန်ကို ချစ်ကြသည်။ သင်္ကြန်သည် ကလေးသူငယ်များအား ပျော်ရွှင်စေသကဲ့သို့ လူငယ်လူရွယ်များကိုလည်း တစ်နှစ်တာအတွင်း ကျောင်းသင်ခန်းစာများ၊ လုပ်ငန်းခွင်အမောများမှ ကင်းလွတ်ခွင့်ရ၍ ပျော်ကြသည်။ သက်ကြီးရွယ်အိုများ အနေနှင့်လည်း စုပေါင်းအလှူများ၊ ကုသိုလ်ကောင်းမှုများ ပြုလုပ်ကာ သူတော်ကောင်းတရားဖြင့် နေထိုင်ကြခြင်းကြောင့် သင်္ကြန်ရက်များအား အခါကြီးရက်ကြီးဟု တင်စားခေါ်ဝေါ်ကြသည်။

သင်္ကြန်လသည် မြန်မာလတန်ခူးလဖြစ်ပြီး ရာသီအားဖြင့် နွေရာသီကာလဖြစ်ခြင်းကြောင့် သင်္ကြန်ကာလ ကလေးမှအစ သက်ကြီးရွယ်အိုများအထိ ကျန်းမာရေးသတိတရားများ လက်ကိုင်ထားကြရမည်ဖြစ်သည်။

နေပူပူရေစိုစိုဖြင့် အရက်သောက်သုံးမှုများကြောင့် အပူရှပ်ခြင်း၊ သွေးတိုးခြင်းနှင့် ရုတ်တရက် ဦးနှောက်သွေးကြောပြတ်ခြင်းများ အများဆုံးဖြစ်ပွားလေ့ရှိသည်။ ဒုတိယအဖြစ်အများဆုံး ကျန်းမာရေးအန္တရာယ်မှာ အစားအစာမှားခြင်းနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ များဖြစ်ပွားခြင်းဖြစ်ပြီး ဖြစ်ပွားပုံမှာ သင်္ကြန်ရက်များအတွင်း ပြင်ပမှ အလွယ်တကူရောင်းချသည့် သန့်ရှင်းမှုမရှိသော အစားအသောက်များစားသုံးခြင်းကြောင့် အများဆုံးဖြစ်ပြီး၊ နေပူရှိန်ကြောင့် အရေပြားများ ထိခိုက်ပျက်စီးခြင်း၊ နေလောင်နာဖြစ်ခြင်း စသည့် ရောဂါဝေဒနာများနှင့် အသက်ရွယ်ကြီးရင့်သူများအဖို့ နေပူရှိန်သက်သာသည့် အမိုးအကာများအောက်တွင် နေထိုင်ခြင်း၊ နံနက်ပိုင်းနှင့် ညနေခင်း နေအေးချိန်များတွင်သာ ရေချိုး၊ ခေါင်းလျှော်ခြင်းများအား ပြုလုပ်ကြရန် လိုအပ်သည်။

ကျန်းမာရေး အန္တရာယ်များမှ ကာကွယ်နိုင်ရန် အရက်သေစာသောက်သုံးခြင်းများကို ဆင်ခြင်ခြင်း၊ အစားအစာများအား သန့်ရှင်းစင်ကြယ်စွာ စားသုံးနိုင်ရန် ကြိုတင်စီစဉ်ထားခြင်း၊ အရေပြားနေပူလောင်၊ ရေပူလောင်ခြင်းမှ ကာကွယ်နိုင်ရန် လိုအပ်သည့်ဆေးဝါး၊ အရေပြားပျက်စီးခြင်းမှ ကာကွယ်သည့် အသုံးအဆောင်များအား ယူဆောင်ခြင်းတို့ဖြင့် ကြိုတင်ကာကွယ်သင့်လှပေသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံသားတိုင်း ပါဝင်ဆင်နွှဲကြမည့် အတာသင်္ကြန်ပွဲတော်ရက်များအတွင်း ကျန်းမာရေးထိန်းသိမ်းစောင့်ရှောက်ကာကွယ်မှုများဖြင့် ဖြတ်သန်းနိုင်ကြပါစေဟု မျှော်ရည်ရင်း မြန်မာတို့၏ အတာသင်္ကြန်ရက်များအား ကြိုဆိုလိုက်ရပါသည်။ **(ခင်လေးမြင့်အောင်)**

ထားဝယ်သင်္ကြန်

ရန်ကုန် ဧပြီ ၅

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မဟာဗန္ဓုလလမ်း အမှတ် (၈၂၈) ထားဝယ်အသင်းတိုက်တွင် သင်္ကြန်ထမင်း (ရေးဇီမုန်း)နှင့် ထားဝယ်မုန့်မျိုးစုံလှူဒါန်းပွဲကို သင်္ကြန်အကြိုနေ့ (ကြာသပတေးနေ့) ဧပြီ ၁၂ ရက် နံနက် ၇ နာရီမှ ၁၀ နာရီ အတွင်းကျင်းပမည်ဖြစ်ရာ ထားဝယ်သူ ထားဝယ်သားများနှင့် မိတ်သင်္ဂဟများအား ဖိတ်ကြားထားကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ရခိုင်ရိုးရာ နံ့သာသွေးပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၅

တာမွေမြို့နယ် အမှတ်(၁၈) မြေညီထပ် ကုဋ္ဌာသယလမ်း ကျောက်မြောင်းတွင် (၉)ကြိမ်မြောက်ရခိုင်ရိုးရာစုပေါင်း နံ့သာသွေးပွဲ၊ ဘုရားရေသပ္ပာယ်ပူဇော်ပွဲနှင့် ဆွမ်းဆန်ပဒေသာပင် ဆက်ကပ်လှူဒါန်းပွဲကို နှစ်စဉ်ကျင်းပသကဲ့သို့ ယခုနှစ်တွင်လည်း စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ ဧပြီ ၁၁ ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၆ နာရီ မှ ည ၉ နာရီအထိ နံ့သာသွေးပွဲကျင်းပမည်ဖြစ်ပြီး ရခိုင်ရိုးရာယိမ်းအကများဖြင့် ဖျော်ဖြေမည်ဖြစ်သည်။ ဧပြီ ၁၂ ရက်(ကြာသပတေးနေ့) ညနေ ၃ နာရီတွင် စီတန်းလှည့်လည် ဘုရားရေသပ္ပာယ်မည်ဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မုံရွာဂေါက်ကလပ်၌ တစ်ချက်တည်းကျင်းဝင်

မုံရွာ ဧပြီ ၅

မုံရွာဂေါက်ကလပ် ကွင်းအမှတ်(၂)၌ ဒေါ်နုနုတင်သည် မတ် ၂၆ ရက်က ကစားဖော်များဖြစ်သည့် ဦးအောင်ခန့် (ဒုတိယရဲမှူး-ငြိမ်း)၊ အောင်ရဲလွင် (ဆက်သွယ်ရေး)၊ ဦးအောင်စွာ (ကုန်သည်) တို့နှင့်အတူ ဂေါက်သီးရိုက်ကစားနေစဉ် ကိုက် ၁၆၀ ဝေးသော ကျင်းအမှတ် ၄ သို့ အရောက် Titleist No.1 ဘောလုံးကို Honma Wood 4 တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

တိရစ္ဆာန်ရောဂါကာကွယ်ရေး ဟိုပင်၌ ရှင်းလင်းဟောပြော

ဟိုပင် ဧပြီ ၅

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဟိုပင်မြို့နယ်ခွဲ တတွင်းကျေးရွာ၌ မတ် ၂၅ ရက် မွန်းလွဲ ၁ နာရီက မွေးမြူရေးလုပ်ငန်းရှင်များနှင့် တိရစ္ဆာန်များ၏ ဇီဝလုံခြုံရေးနှင့် ရောဂါကာကွယ်ဆေးအကြောင်းကို ဟိုပင်မြို့နယ်ခွဲ မွေးကုဦးစီးဌာနမှ ဦးစီးမှူး ဒေါက်တာဇော်မြင့်နိုင်က ရှင်းလင်းဟောပြောခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မတ်လအတွင်း မူးယစ်ဆေးဝါးအမှုပေါင်း(၂၈၉)မှု တရားခံ(၄၃၂)ဦး ဖမ်းဆီးအရေးယူခဲ့

နေပြည်တော် ဧပြီ ၅

၂၀၁၂ ခုနှစ် မတ်လအတွင်း နိုင်ငံတစ်ဝန်းမှ မူးယစ်ဆေးဝါးအမှုပေါင်း (၂၈၉)မှု ဖမ်းဆီးနိုင်ခဲ့ပြီး ဘိန်း ၃၁ မှု (အလေးချိန် ၅၉ ဒသမ ၂၅၆၆ ကီလို)၊ ဘိန်းဖြူ ၉၇ မှု (အလေးချိန် ၃ ဒသမ ဝ၃၇၉ကီလို)၊ ဘိန်းဆီခဲ ၄ မှု (အလေးချိန် ဝ ဒသမ ဝ၈၄၇ ကီလို)၊ အဆင့်နိမ့်ဘိန်း ၁၁ မှု (အလေးချိန် ၃ ဒသမ ၅၅ဝ၅ ကီလို)၊ ဆေးခြောက်မှု ၃ဝ (အလေးချိန် ၁၅ ဒသမ ၃၄၁၄ ကီလို)၊ စိတ်ကြွရူးသွပ်ဆေးပြား ၉၆ မှု (၁၄၈၈ဝ၆ ပြား)၊ ဘိန်းစာမှုန့် ၁ဝ မှု (အလေးချိန် ၁၉ ဒသမ ၂၆၈ ကီလို)၊ ဆူဒိုအက်ဖီဒရင်း ၁ မှု (အလေးချိန် ၃၉ ကီလို)၊ ဘိန်းရည် ၁ မှု၊ (ဝ ဒသမ ၅၂၁၃ လစ်တာ)၊ အယ်ပရာဇိုလမ် (၁၆ ပြား)၊ အိုက်စ် ၂ မှု (၁ ဒသမ ဝဝဝ၁ ကီလို)၊ ထရာမဒေါလ် ၂ မှု (၂၃၇ ပြား)၊ မှတ်ပုံတင်ပျက် ၃ မှု၊ အခြားအမှု ၁ မှု ဖမ်းဆီးရမိခဲ့သည်။

အရေးယူ

ထိုသို့ အမှု(၂၈၉)မှု ဖမ်းဆီးခဲ့ရာတွင် တရားခံ(ကျား) ၃၆၆ ဦး၊ (မ) ၆၆ ဦး၊ စုစုပေါင်း တရားခံ(၄၃၂)ဦးတို့အား ဥပဒေအရအရေးယူခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဓာတ်ဆီဖြည့်မှု သတိပြု

ပူပြင်းသော ရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီ လဲလှယ်ခြင်းများပြုလုပ်စဉ် ပွတ်တိုက်မှု(Friction)မှ သဘာဝတည်ငြိမ်လျှပ်စစ် (Static Electricity)တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန်တွင် ပလတ်စတစ်ပုံး၊ ပလတ်စတစ်ပိုက်တို့ဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြုရှောင်ကြဉ်ကြပါရန်။
(မီးသတ်ဦးစီးဌာန)

မျက်စိအခမဲ့စမ်းသပ်ခွဲစိတ်ကုသမှု ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ကြည့်ရှုအားပေး

နေပြည်တော် ဧပြီ ၅

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်သည် မတ် ၃၁ ရက် ညနေပိုင်းတွင် မာန်အောင်မြို့နယ် ပြည်သူ့ဆေးရုံ၌ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တကုမာရ ဦးဆောင်၍ ချမ်းဟိန်းကုမ္ပဏီက လှူဒါန်းပြုလုပ်သည့် မျက်စိအခမဲ့ စမ်းသပ်ခွဲစိတ်ကုသမှုများကို ကြည့်ရှုအားပေးပြီး ခွဲစိတ်ကုသပြီး မျက်စိဝေဒနာရှင်များအား မျက်မှန်များ အခမဲ့တပ်ဆင်ပေးခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်သည် ဧပြီ ၁ ရက် နံနက် ၇ နာရီတွင် မာန်အောင်မြို့နယ် တရားရုံးသစ်ဖွင့်ပွဲနှင့် GSM မိုဘိုင်းစခန်း သစ်ဖွင့်ပွဲတို့သို့ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ရေဝတီတိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာန အခွန်ဥပဒေဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

ပုသိမ် ဧပြီ ၅

ဧရာဝတီတိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာနက အခွန်ဥပဒေဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲအခမ်းအနားကို ဧပြီ ၄ ရက် နံနက် ၁၀ နာရီက ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ပြည်တွင်းအခွန်များဦးစီးဌာန (ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးထွန်းနွယ်၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်တွင်းအခွန်များဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးထွန်းနွယ် **(အပေါ်ပုံ)**က ပြုပြင်ပြောင်းလဲ ဆောင်ရွက်မည့် အခွန်အရပ်ရပ်ဆိုင်ရာ ဥပဒေများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး အခမ်းအနားသို့ တက်ရောက်လာသည့် ဧည့်သည်များက သိရှိလိုသည့် မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။ **(မြန်မာ့အလင်း)**

မကွေးတိုင်းဒေသကြီး မိခင်/ကလေးနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များက အဘိုးအဘွားများ၏ ကျန်းမာရေး အိမ်တိုင်ရာရောက်ဆောင်ရွက်ပေး

နေပြည်တော် ဧပြီ ၅

မကွေးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သင်းသင်းထွေးနှင့်အဖွဲ့သည် ဧပြီ ၃ ရက် နံနက် ၉ နာရီတွင် ချောက်မြို့နယ် အတွင်း အဘိုးအဘွား ၃၈ ဦး၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အိမ်တိုင်ရာရောက် လုပ်ကိုင်ပေးကြသည်။

ထို့နောက် ချောက်မြို့နယ် အမှတ် (၁) ရပ်ကွက်၌ တစ်ဦးတည်းနေထိုင်သည့် ဆင်းရဲနွမ်းပါး အဘွားတစ်ဦးနေအိမ် အိမ်မိုးစရိတ်အဖြစ် ငွေကျပ် ၃၀၀၀၀ ကို ရပ်ကွက်အုပ်ချုပ်ရေးမှူးထံ ပေးအပ် လှူဒါန်းပြီး အမှတ်(၁)ရပ်ကွက် ရောင်ခြည်ဦး စာကြည့်တိုက်အတွက် စာအုပ်စာစောင်များ လှူဒါန်းကာ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များအား တွေ့ဆုံခဲ့ကြောင်း သိရသည်။

(အောက်ပုံ) (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၆-၄-၂၀၁၂ (သောကြာနေ့)

နံနက်ပိုင်း

၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း

ညပိုင်း

၆း၀၀	မြဝတီရုပ်မြင်သံကြားသတင်း
၆း၃၀	**ရွှေ** ဟာသဇာတ်လမ်းတွဲ (အပိုင်း-၁၄၁) နိုင်ဝင်း၊သူရဇ္ဇ၊ထင်လင်းညို၊ ပန်းသော်တာနှင့် သရုပ်ဆောင်များ
၇း၀၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကွန်ဖူးဘုရင်ဘရုစ်လီ** (အပိုင်း-၂၀)
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း
-	နိုင်ငံတကာသတင်း
	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ငှက်ကလေးရဲ့ ကွန်းခိုရာ** (အပိုင်း-၂၂)
	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သမုဒ္ဒယနောင်ကြိုး** (အပိုင်း-၁၈)

သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ရပ်စောက်၌ ဟောပြော

ရပ်စောက် ဧပြီ ၅

ရှမ်းပြည်နယ် ရပ်စောက်မြို့နယ် သစ်တောဦးစီးဌာနမှ တရားမဝင်သစ်ထုတ်လုပ်မှု လျှော့နည်းပပျောက်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ပညာပေးဟောပြောပွဲကို မတ် ၂၇ ရက် နံနက် ၁၀ နာရီက ရပ်စောက်မြို့နယ် (၁၈) မိုင်သစ်တောဘိနယ်စခန်းတွင် ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခွန်စိုးလွင်၊ ရပ်စောက်မြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးခိုင်ညွှန့်နှင့် ဘိနယ်တာဝန်ကျဝန်ထမ်းများ (၁၈)မိုင် သစ်တောဘိနယ်အတွင်းရှိ ကျိုင်းခမ်း၊ ကျောက်ကြီး၊ အုန်းကွဲ၊ လယ်ခေါင်း ကျေးရွာများမှ ရပ်မိရပ်ဖများနှင့် ဒေသခံ ပြည်သူများ စုစုပေါင်း အင်အား ၇၀ ခန့် ပါဝင်တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခွန်စိုးလွင်က အမှာစကားပြောကြားပြီး ရပ်စောက်မြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးခိုင်ညွှန့်က သစ်တောထိန်းသိမ်းကာကွယ်ရေးနှင့် တရားမဝင်သစ်ထုတ်လုပ်မှု လျှော့နည်းပပျောက်ရေးတွင် ပြည်သူလူထုမှ ပူးပေါင်းပါဝင်ဆောင်ရွက်ရန်နှင့် သစ်တော ဥပဒေပြဋ္ဌာန်းချက်များကို ရှင်းလင်းဟောပြောခဲ့ကြောင်း သတင်းရရှိသည်။ **(၀၀၁)**

အကြိုအခြေခံမီးသတ်သင်တန်းဖွင့်

ရမည်းသင်း ဧပြီ ၅

ရမည်းသင်းမြို့နယ် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ မီးသတ်ဦးစီးဌာနတွင် အကြိုအခြေခံမီးသတ်သင်တန်း အမှတ်စဉ် (၁/၂၀၁၂) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၁ ရက် နံနက် ၈ နာရီက ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးမောင်မောင်က အမှာစကားပြောကြားသည်။ အခမ်းအနားသို့ မြို့နယ်အရန်မီးသတ်တပ်ရင်းမှူး ဒုရဲမှူးစိုးမြင့်ဝင်း၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့ပေါ်အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် သင်တန်းသား ၃၅ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။ **(၄၁၆)**

မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ် ဘိလိယက်အသင်း အသိအမှတ်ပြုလွှာများ ပြုလုပ်ရန် နှိုးဆော်

ရန်ကုန် ဧပြီ ၅

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်သည် နိုင်ငံကိုယ်စားပြု အားကစားသမားများ ထွက်ပေါ်လာရေးကို ရှေးရှု၍ မြန်မာနိုင်ငံအတွင်းရှိ မြို့နယ်တိုင်းတွင် ဘိလိယက်ခုံများကို အားကစားနည်းတစ်ရပ်အနေဖြင့် အားကစားအသင်းများအား အသိအမှတ်ပြုလွှာများ နှစ်စဉ်ထုတ်ပေးလျက်ရှိသည်။ ထိုသို့ထုတ်ပေးရာတွင် ခုံအကျယ်အဝန်း (၅ ပေ× ၁၀ ပေ) (၆ ပေ× ၁၂ပေ) အရွယ်ရှိ အဆင့်မီဘိလိယက်ခုံများရှိသော အားကစားအသင်းများ၊ ဘိလိယက်ခုံများကို သပ်ရပ်စွာ ပြုလုပ်ထားရှိသော အားကစားအသင်းများ၊ လောင်းကစားမှုကင်းရှင်း၍ အားကစားအသွင်ဖြင့် ကစားနေသော ကလပ်အသင်းများအား နှစ်စဉ်ဘဏ္ဍာရေးနှစ်အလိုက် အသိအမှတ်ပြုလွှာများ ထုတ်ပေးလျက်ရှိသည်။

ဘိလိယက်ခုံ တည်ထောင်ဖွင့်လှစ်ထားသော အားကစားအသင်း/ကလပ်များသည် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွက် အဖွဲ့ချုပ်တွင် အသင်းဝင် အသိအမှတ်ပြုလွှာ ပြုလုပ်ပြီးမှသာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လိုင်စင်များ ပြုလုပ်ပေးလျက်ရှိသဖြင့် ဘိလိယက်ခုံ တည်ထောင်ဖွင့်လှစ်ထားသော အားကစားအသင်းများသည် မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ ချုပ် (အောင်ဆန်းကွင်း) သို့ ၂၀၁၂-၂၀၁၃ အတွက် ဘိလိယက်အသင်း အသိအမှတ်ပြုလွှာများ လာရောက်ပြုလုပ်ကြရန် နှိုးဆော်ထားကြောင်း သိရှိရသည်။ **(အောင်သူရ)**

သာကေတမြို့နယ် အမက(၅) ၏ ၂၀၁၀-၂၀၁၁ခုနှစ် ပညာရည်ချွန်ဆုပေးပွဲကို မတ် ၂၄ ရက်က ကျောင်းခန်းမ၌ ကျင်းပရာ ပထမတန်းမှ တတိယတန်း အထိ သုံးနှစ်ဆက်တိုက် ဘက်စုံထူးချွန် ပထမရရှိခဲ့သော မယွန်းဝတီကျော် အား ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြ ဌေး ဆုချီးမြှင့်စဉ်။ (ပညာရေး)

တီဘီရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနား ကျိုင်းတုံ၌ ကျင်းပ

ကျိုင်းတုံ ဧပြီ ၅

ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်တွင် ၂၀၁၂ ခုနှစ် ကမ္ဘာ့တီဘီတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို မတ် ၂၄ ရက် နံနက် ၉ နာရီတွင် ကျိုင်းတုံမြို့နယ်စည်ပင်သာယာခန်းမ၌ ကျင်းပရာ **(ယာပုံ)** ရှေးဦးစွာ ကျိုင်းတုံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်ဝင်းက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း၏ ၂၀၁၂ ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနား ဖွင့်ပွဲမိန့်ခွန်းအား တွဲဖက်ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်ကျော်ထွေးက ဖတ်ကြားသည်။

ဆက်လက်၍ ကူးစက်တတ်သည့် တီဘီရောဂါအကြောင်းနှင့် ကြိုတင်ဆောင်ရွက်ရမည့် အကြောင်းအရာများ၊ ရှေ့လုပ်ငန်းစဉ်များကို ပြည်နယ်တီဘီ ဆရာဝန်ကြီး ဒေါက်တာဌေးလွင်က ရှင်းလင်းပြောကြားသည်။ အဆိုပါ အခမ်းအနားတွင် တက်ရောက်ကြသူများက တီဘီရောဂါဆိုင်ရာ မှတ်တမ်းဓာတ်ပုံများ၊ ပိုစတာများ၊ ရုပ်ပြများနှင့် တီဘီရောဂါနှင့် ပတ်သက်သည့် စာစောင်များပြသထားသည့် ပြခန်းအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ညနေပိုင်း ထမင်း/ဟင်းချက်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်း၊ ဟင်းချက်ပြုတ်ခြင်း မပြုစေရန်။

(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။

(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ ပေါ့ဆမှုမဖြစ်စေဘဲ အထူးသတိပြုသုံးစွဲရန်။

(မီးသတ်ဦးစီးဌာန)

ဂုဏ်ယူဝမ်းမြောက်ခြင်း

၄-၁-၂၀၁၂ရက် (၆၄)နှစ်မြောက် (လွတ်လပ်ရေးနေ့)တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှ ချီးမြှင့်သော **ဝဏ္ဏကျော်ထင်ဘွဲ့**ကို ဦးမြင့်သိန်း (ဒုတိယဝန်ကြီး၊ ငြိမ်း၊ သတ္တုတွင်းဝန်ကြီးဌာန)မှ ထိုက်တန်စွာချီးမြှင့်ခြင်းခံရသည့်အတွက် ထာဝရသတ္တုတူးဖော်ထုတ်လုပ်ရေးကုမ္ပဏီ မိသားစုမှ အထူးပင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

ထာဝရသတ္တုတူးဖော်ထုတ်လုပ်ရေးကုမ္ပဏီ မိသားစု

မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားများအသင်း အထူးသင်းလုံးကျွတ် အစည်းအဝေးခေါ်ယူခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှ ၂၀၁၂ ခုနှစ် မတ် ၉ရက်တွင် ထုတ်ပြန်သည့် အလုပ်သမားအဖွဲ့အစည်း ဥပဒေ ၂၀၁၁ နှင့် အလုပ်သမားအဖွဲ့အစည်း နည်းဥပဒေများအရ မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားများအသင်းအဖွဲ့ချုပ် ဖွဲ့စည်းနိုင်ရန်အတွက် အထူးသင်းလုံးကျွတ်အစည်းအဝေးကို ၂၀၁၂ခုနှစ် ဧပြီ ၉ရက် (တနင်္လာနေ့) နံနက် ၉း၀၀နာရီတွင် ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်မောက်လမ်းရှိ CHATRIUM HOTEL ၌ ကျင်းပပြုလုပ်မည်ဖြစ်ရာ အခမ်းအနားသို့ တက်ရောက်နိုင်ရေးအတွက် လေးစားစွာဖိတ်ကြားအပ်ပါသည်။

အသေးစိတ်သိရှိလိုပါက အသင်းရုံး အမှတ် ၅၃၊ ၃၇လမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-၃၇၅၈၂၀၊ ၃၉၂၀၇၆၊ ၃၈၁၅၉၂ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

ငွေချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
တပ်ကုန်းမြို့နယ်တရားရုံး
၂၀၁၂ ခုနှစ် တရားမကြီးမှုအမှတ် -၃၇

မမေဇော်ဦး **နှင့်** ၁။ ဦးမြင့်အောင် ၂။ ဒေါ်လှည္ဟန့်(ခ)မငယ်လေး
တရားလို **တရားပြိုင်များ**

တပ်ကုန်းမြို့၊ ဆရာစံရပ်ကွက်၊ နယ်မြေ(၇)ရပ်နေ ၁။ ဦးမြင့်အောင် (ဘ) ဦးလှရုံ၊ ဒေါ်လှည္ဟန့်(ခ)မငယ်လေး (ဘ) ဦးလှမောင်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို မမေဇော်ဦးက ချေးငွေကျပ်သိန်း ၆၀ ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၂ခုနှစ် မေ ၄ရက် (၁၃၇၄ခုနှစ် ကဆုန်လဆန်း ၁၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၂ခုနှစ် ဧပြီ ၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဒေါ်ချိုချို
မြို့နယ်တရားသူကြီး
တပ်ကုန်းမြို့နယ်တရားရုံး

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လှော်ကား၊ ရွာမ၊ အလုံ၊ သာကေတနှင့် သထုံဓာတ်အားပေးစက်ရုံများ၏ Gas Yards များတွင် တပ်ဆင်အသုံးပြုနိုင်ရန် Gas Flow Metering System များကို နိုင်ငံခြားငွေဖြင့် ဝယ်ယူလိုပါသည်-

တင်ဒါပုံစံရောင်းချမည့်ရက် - ၆-၄-၂၀၁၂ ရက်
တင်ဒါပိတ်မည့်ရက် - ၃၀-၄-၂၀၁၂ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၆း၀၀ နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ် ၂၇၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၀၃၉၁၊ ၄၁၀၂၈၂

မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားများအသင်း အဖွဲ့ချုပ် ဖွဲ့စည်းနိုင်ရန် ဖိတ်ခေါ်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှ ၂၀၁၂ ခုနှစ် မတ် ၉ရက်တွင် ထုတ်ပြန်သည့် အလုပ်သမားအဖွဲ့အစည်းဥပဒေ ၂၀၁၁ နှင့် အလုပ်သမားအဖွဲ့အစည်း နည်းဥပဒေများအရ မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားများအသင်းအဖွဲ့ချုပ် ဖွဲ့စည်းနိုင်ရန်အတွက် လိုအပ်သောဆန္ဒပြုလွှာများဖြည့်စွက်နိုင်ရန် မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားများအနေဖြင့် အမှတ် ၅၃၊ ၃၇လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့သို့ ကိုယ်တိုင် လာရောက်၍ ဆန္ဒပြုလွှာဖြည့်စွက်ပေးပါရန် ဖိတ်ခေါ်အပ်ပါသည်။

အဖွဲ့ချုပ်ဖြစ်မြောက်ရေးကော်မတီ

စာအုပ်စာပေ လူ့မိတ်ဆွေ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉၊ မြေကွက်အမှတ် ၃၉၆၊ ဓနသီ ၁၀လမ်း၊ မြေအကျယ်ပေ(၄၀×၆၀) အနှစ် ၆၀ ဂရန်မြေနှင့် မြေပေါ်တွင်ဆောက်လုပ်ထားသော နေအိမ်အပါအဝင် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍

အများသိစေရန် ကြေညာချက်

အထက်ဖော်ပြပါ အိမ်မြေနှင့်ပတ်သက်၍ အရောင်းအဝယ်စရန်ငွေ ရယူထားသူ ဒေါ်ခင်ခင်သိန်း ၁၂/ဗဟန(နိုင်)၀၁၂၀၄၃အား အရှေ့ပိုင်းခရိုင် ဒုခရိုင်တရားသူကြီး(၃) ရုံးတော်တွင် တရားမကြီးမှုအမှတ် ၁၂၈၃/၁၂ ဖြင့် စရန်ငွေပေးအပ်ထားသူ ဒေါ်မိုမိုအောင်၊ ဒေါ်ဆွေဇင်သိန်းတို့က တရားလိုပြုလုပ်ကာ ပဋိညာဉ်အတိုင်းဆောင်ရွက်ပေးရန် ပျက်ကွက်သည့်အတွက် ပေးအပ်ထားသော စရန်ငွေ၏နှစ်ဆလျော်ကြေးရလိုမှု တရားစွဲဆိုထားပါသည်။ တရားပြိုင် ဒေါ်ခင်ခင်သိန်း၏ အခွင့်ရကိုယ်စားလှယ်အဖြစ် ဒေါ်ခင်ခင်ကြည်က အမှုဆိုင်လျက်ရှိပါသည်။ တရားရုံးတော်က အပြီးသတ်စီရင်ချက်ဒီကရီမချမှတ်မီအတောအတွင်း အဆိုပါ အိမ်မြေအား အရောင်းအဝယ်ပြုလုပ်ခြင်း၊ အခြားနည်းဖြင့် လွှဲပြောင်းလက်ခံရယူခြင်းများ မပြုလုပ်ကြပါရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သဇင်အေး LL.B, D.B.L, D.B.R အထက်တန်းရှေ့နေ
၉/၁၁၊ ၃၆ လမ်းတို(မြေညီ)၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၉-၅၁၂၀၇၆၈

မြန်မာ့အလင်း နိုင်ငံတကာရုပ်ရှင် နိုင်ငံတကာရုပ်ရှင် နိုင်ငံတကာရုပ်ရှင် နိုင်ငံတကာရုပ်ရှင် နိုင်ငံတကာရုပ်ရှင်

မောင်မောင်မြင့်ဆွေ ➤ စုစည်းသည်

ပြည်ပခရီးစဉ်များသွားရောက်နေသည့် ဘောလိဝုဒ်ရုပ်ရှင်မင်းသမီး အီရှဝါယာရိုင်း

မွမ်ဘိုင်း ဧပြီ ၅

အိန္ဒိယဘောလိဝုဒ်ရုပ်ရှင်မင်းသမီး အီရှဝါယာရိုင်း (ဝဲပုံ)သည် အာရပ်စော်ဘွားများ ပြည်ထောင်စု (ယူအေအီး)နိုင်ငံသို့ ရောက်ရှိနေပြီး ဒူဘိုင်းမြို့တွင် ဧပြီ ၂ ရက်က ကျင်းပသည့် ဖက်ရှင်ပြပွဲသို့ တက်ရောက်ကာ ဖက်ရှင်ဆုရရှိသူများကို ဆုများပါဝင်ချီးမြှင့်ခဲ့သည်။

ရုပ်ရှင်မင်းသမီး အီရှဝါယာရိုင်းသည် ဒူဘိုင်းမြို့တွင် ပရိသတ် ၅၀၀၀၀ ခန့်နှင့် တွေ့ဆုံပွဲပြုလုပ်ခဲ့ပြီး ဝတ်စားဆင်ယင်မှုဖက်ရှင်ဒီဇိုင်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောပြခဲ့သည်။ ထို့အပြင် သတင်းထောက်များ၊ စာနယ်ဇင်းများမှ သတင်းသမားများနှင့်တွေ့ဆုံကာ အင်တာဗျူးများ ပြုလုပ်ခဲ့သည်။

ရိုက်ကူး

အီရှဝါယာရိုင်းသည် ဘောလိဝုဒ်၌ ယောက္ခမဖြစ်သူ ရုပ်ရှင်မင်းသားကြီး အမိတာဘဂျန်းကုမ္ပဏီမှ ရိုက်ကူးလျက်ရှိသာ ဇာတ်ကားသစ် တစ်ကားတွင် ပါဝင်သရုပ်ဆောင်လျက်ရှိသည်။ ယင်းဇာတ်ကားကို ရိုက်ကူးမှုများ ခေတ္တရပ်ဆိုင်းကာ ဒူဘိုင်းမြို့သို့ ခရီးသွားခဲ့ခြင်းဖြစ်သည်။ ရုပ်ရှင်မင်းသမီး အီရှဝါယာရိုင်းသည် ဒူဘိုင်းမြို့မှ အင်ဒိုနီးရှား၊ ဟောင်ကောင်၊ စင်ကာပူနိုင်ငံများသို့လည်း ခရီးဆက်မည်ဖြစ်သည်။ ။

(အင်တာနက်)



ရုပ်ရှင်မင်းသား နီကိုလပ်ကေ့ဂျ်ပါဝင်သည့် Justice ဇာတ်ကား လူကြိုက်များ

လော့စ်အိန်ဂျလိစ် ဧပြီ ၅

ဟောလိဝုဒ်အက်ရှင်မင်းသား နီကိုလပ်ကေ့ဂျ်၏ Justice အမည်ရှိ ဇာတ်ကားသည် ဥရောပနိုင်ငံများတွင် ရုံတင်ပြသလျက်ရှိရာ လူကြိုက်များသောဇာတ်ကားဖြစ်လျက်ရှိသည်။ ယင်းဇာတ်ကားရုံတင်ပြသခဲ့ရာတွင် ပထမသီတင်းပတ်၌ လက်မှတ်ရောင်းချမှုဝင်ငွေ အမေရိကန် ဒေါ်လာ ၂၅ သန်း ရရှိခဲ့သည်။ (ဝဲပုံ)

အသက် ၄၈ နှစ်အရွယ်ရှိ ရုပ်ရှင်မင်းသားနီကိုလပ်ကေ့ဂျ်သည် ယင်းဇာတ်ကား၌ ထူးခြားစွာသရုပ်ဆောင်နိုင်ခဲ့ရာ သူ၏ရိုက်ကူးခဲ့သော ရုပ်ရှင်ကားများအနက် အကောင်းဆုံးဇာတ်ကားတစ်ကားအဖြစ် သတ်မှတ်ခံရသည့် ရုပ်ရှင်ကားလည်းဖြစ်သည်။

ဆက်လက်ရိုက်ကူး

နီကိုလပ်ကေ့ဂျ်၏ ဇာတ်ကားများအနက် Ghost Rider နှင့် Big Daddy ဇာတ်ကားများမှာ ပရိသတ်အကြိုက်ရုပ်ရှင်ကားများဖြစ်ခဲ့သည်။ ထို့အပြင် Gone in 60 Seconds၊ Adaptation၊ National Treasure၊ Kick-Ass ဇာတ်ကားများမှာလည်း ပရိသတ်များနှစ်သက်ခဲ့သည်။ ယခုအခါ Ghost Rider: Spirit of Vengeance ဇာတ်ကား၏ ဇာတ်လမ်းတွဲကို ဆက်လက်ရိုက်ကူးမည်ဖြစ်ကြောင်း သတင်း၌ဖော်ပြသည်။ **(အင်တာနက်)**

တောင်ကိုရီးယားရုပ်ရှင်မင်းသား ယောင်စင်ဟာ The Front Line ဇာတ်ကား၌ သရုပ်ဆောင်

ဆိုးလ် ဧပြီ ၅

*တောင်ကိုရီးယားရုပ်ရှင်မင်းသား ကိုဆိုးနှင့် ယောင်စင်ဟာတို့ ပါဝင်သရုပ်ဆောင်ထားသည့် The Front Line ရုပ်ရှင်ကားမှာ ရိုက်ကူးပြီးစီးသွားပြီဖြစ်ရာ လာမည့် ဇူလိုင်လ၌ ထုတ်လွှင့်ပြသတော့မည်ဖြစ်သည်။ **(ယာပုံ)***

ရိုက်ကူးတင်ပြ

ယင်းဇာတ်ကားမှာ ၁၉၅၃ ခုနှစ်အတွင်းက တောင်ကိုရီးယားနိုင်ငံတွင် ဖြစ်ပွားခဲ့သောစစ်ပွဲကို အခြေခံပြီး ဇာတ်လမ်းဖွဲ့ရိုက်ကူးထားခြင်းဖြစ်သည်။ ၎င်းဇာတ်ကားတွင် ရဲဘော်ရဲဘက်စိတ်အပြည့်ရှိသူ လူငယ်နှစ်ဦးတို့၏ သံယောဇဉ်များ၊ အချစ်ရေးရာ ခံစားချက်များကို စိတ်ဝင်စားဖွယ် ရိုက်ကူးတင်ပြထားခြင်းဖြစ်သည်။

The Front Line ဇာတ်ကားတွင် ရှိဆောင်ဆိုး၊ ကိုချန်ဆော့စ်၊ လီဂျေဟွန်း နှင့် လီဒါဝစ်တို့ အဓိကပါဝင်သရုပ်ဆောင်ထားသည့် အက်ရှင်ကားဖြစ်သည်။ ယခု ဇာတ်ကားကိုခံစားမှုအပြည့်ဖြင့် သရုပ်ဆောင်ထားကြောင်း ရုပ်ရှင်မင်းသား ယောင်စင်ဟာက ပြောကြားသည်။ စစ်ပွဲတစ်ပွဲ၏ ဖြစ်ရပ်များနောက်မှ သင်ခန်းစာများ၊ စစ်သားတို့၏ကြမ်းတမ်းသော ဘဝဖြတ်သန်းမှုများ၊ အသက်နှင့်ရင်းပြီးတိုက်ပွဲဝင်ရပုံများ၊ အချစ်ရေးရာသံယောဇဉ်များကို ဒါရိုက်တာ ဂျန်ဟွန်းက ရိုက်ကူးပုံဖော်ထားခြင်းဖြစ်သည်။ ***(အင်တာနက်)***

ကမ္ဘာတစ်လွှားထူးထူးခြားခြား ကမ္ဘာတစ်လွှားထူးထူးခြားခြား ကမ္ဘာတစ်လွှားထူးထူးခြားခြား ကမ္ဘာတစ်လွှားထူးထူးခြားခြား

တန်ချိန်အများဆုံးလေယာဉ်ကြီးကို ဂင်းနက်စ်မှတ်တမ်းဝင်ရန်ကြိုးဖြင့်ဆွဲပြ

အလေးချိန်အများဆုံးလေယာဉ်ကြီးကို ကြိုးဖြင့်ဆွဲပြခဲ့သူ
ကနေဒါနိုင်ငံသား ကီဗင်ဖက်

တိုရွန်တို ဧပြီ ၅

ကနေဒါနိုင်ငံ အွန်တာရီပြည်နယ် ထရန်တန်မြို့သား ကီဗင်ဖက်သည် လေယာဉ်ကြီးတစ်စင်းကို ကြိုးဖြင့်ချည်နှောင်ကာ သူ၏ပခုံးတွင်ကြိုးဖြင့်သိုင်းပြီး ဆွဲပြခဲ့သဖြင့် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။

ကီဗင်ဖက်သည် စီစီ-၁၇၇ ဂလိုဘီမာစတာ-၃ အမည်ရှိ လေယာဉ်ကြီးကို ကြိုးဖြင့်ဆွဲပြခဲ့ခြင်းဖြစ်သည်။ ၎င်းလေယာဉ်ကြီးသည် အလေးချိန် ၁၈၈ ဒသမ ၈၃ တန်(၄၁၆၂၉၉ ပေါင်)အလေးချိန်ရှိသည်။

ဖော်ပြခံရ

အဆိုပါလေယာဉ်ကြီးကို ကနေဒါနိုင်ငံ ထရန်တန်မြို့ ကနေဒါလေတပ် အခြေစိုက်စခန်း၌ ခရီးအကွာအဝေး ၂၈ ပေ ၁၀ ဒသမ ၄၆ လက်မအထိ ရောက်ရှိအောင် ဆွဲပြခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ကီဗင်ဖက်သည် ကမ္ဘာပေါ်တွင် အလေးချိန်အများဆုံးလေယာဉ်ကြီးကို ဆွဲပြနိုင်သူအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရခြင်းဖြစ်သည်။ **(အင်တာနက်)**

မောင်မောင်မြင့်ဆွေ - ရေးသားသည်

ဝိတ်ပြားအလေးဆုံးထမ်းပြီး အဝေးဆုံးလမ်းလျှောက်နိုင်သူ

ရောမ ဧပြီ ၅

အီတလီနိုင်ငံ မီလန်မြို့သား အက်ရစ်ကာဇီလ်နစ်သည် ဝိတ်ပြားအလေးချိန် အများဆုံး ပခုံးတွင်ထမ်းကာ ခရီးအဝေးဆုံးသို့ သွားရောက်နိုင်သူအဖြစ် ဂင်းနက်စ်မှတ်တမ်းတွင် ဧပြီ ၃ ရက်က ဖော်ပြခံရသည်။ **(ယာဟူး)**

စံချိန်တင်နိုင်ခဲ့

ကာဇီလ်နစ်သည် ဝိတ်ပြားအလေးချိန် ၆၆၁ ပေါင် ၅ ဒသမ ၄ အောင်စကို သူ၏ပခုံးတွင်ထမ်းကာ ခရီးအကွာအဝေးမီတာ ၂၀ (၆၅ ပေ ၇ ဒသမ ၃၂ လက်မ) အထိ သွားရောက်ကာ စံချိန်တင်နိုင်ခဲ့သည်။

ထိုသို့ ဝိတ်ပြားများကို ထမ်းပိုးပြီးသွားရာတွင် အချိန် ၁၁ ဒသမ ၄၀ စက္ကန့်ကြာခဲ့ရာ ကမ္ဘာပေါ်တွင် ဝိတ်ပြားအလေးချိန်အများဆုံးကို ပခုံးတွင်ထမ်းကာ အဝေးဆုံးသို့ လမ်းလျှောက်သွားရောက်နိုင်သူအဖြစ် ဂင်းနက်စ်မှတ်တမ်းတွင် ဖော်ပြခံရသည်။ **(အင်တာနက်)**

ဘော့စ်ဘောရိုက်တံအား လက်ချောင်းဖြင့်ထိန်းကာ အဝေးဆုံးပြေးနိုင်သူ

လော့စ်အိန်ဂျလိစ် ဧပြီ ၅

အမေရိကန်နိုင်ငံ နယူးယောက်မြို့သား အက်ရှုရီတာဖာမင်အမည်ရှိ အမျိုးသားကြီးသည် ဘော့စ်ဘောရိုက်တံကို လက်ချောင်းလေးတစ်ချောင်းဖြင့် ထိန်းပြီးထောင်ကာ ခရီးအဝေးဆုံးပြေးနိုင်သူအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဧပြီ ၃ ရက်က ဖော်ပြခံရသည်။ **(ဝဲပုံ)**

အက်ရှုရီတာဖာမင်သည် နယူးယောက်မြို့ စိန့်ဂျွန်းတက္ကသိုလ်ဝင်းအတွင်း တစ်မိုင်ခန့်ခရီးအကွာအဝေးကို လက်ချောင်းတစ်ချောင်းပေါ်တွင် ဘော့စ်ဘောရိုက်တံကိုထောင်ထားလျက်နှင့် ပြေးသွားနိုင်ခဲ့ခြင်းဖြစ်သည်။ ထိုသို့ ခရီးတစ်မိုင်အကွာအဝေးကို ပြေးသွားရာတွင် အချိန် ၇ မိနစ် ၅ စက္ကန့်မျှကြာခဲ့သည်။ ထို့ကြောင့် ကမ္ဘာပေါ်တွင် ဘော့စ်ဘောရိုက်တံကို လက်ချောင်းတစ်ချောင်းဖြင့်ထိန်းပြီး ခရီးအဝေးဆုံးပြေးနိုင်သူအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရခြင်းဖြစ်သည်။ **(အင်တာနက်)**

အိုင်တီနည်းပညာ အိုင်တီနည်းပညာ အိုင်တီနည်းပညာ

ဘဏ်လုပ်ငန်းလုပ်ကိုင်ခြင်း ဈေးဝယ်ခြင်းနှင့် အလုပ်အကိုင်ရှာဖွေခြင်း အင်တာနက်ကို တွင်ကျယ်စွာအသုံးပြု

နယူးယောက် ဧပြီ ၅

ဘဏ်လုပ်ငန်းများဆောင်ရွက်ခြင်း၊ ဈေးဝယ်ခြင်းနှင့် အလုပ်အကိုင်ရှာဖွေခြင်းတို့တွင် ကမ္ဘာတစ်ဝန်း အင်တာနက်အွန်လိုင်းကို အဓိကအသုံးပြုနေကြပြီဖြစ်ကြောင်း ဧပြီ ၄ ရက်က နိုင်ငံတကာလေ့လာရေး စစ်တမ်းတစ်ရပ်၌ ဖော်ပြထားသည်။

နိုင်ငံပေါင်း ၂၄ နိုင်ငံမှ ပြည်သူ ၆၀ရာခိုင်နှုန်းနီးပါးတို့သည် ယင်းတို့၏ ဘဏ်စာရင်းများနှင့် ငွေကြေးဆိုင်ရာကိစ္စရပ်များကို လွန်ခဲ့သည့်ရက် ၉၀အတွင်း အင်တာနက်ဝက်ဘ်ဆိုက်ကို အသုံးပြုခဲ့ကြောင်း၊ အင်တာနက်အသုံးပြုမှုသည် ရေပန်းအစားဆုံးဖြစ်လာကြောင်း စစ်တမ်းတွင်ဖော်ပြထားသည်။

အင်တာနက်ဝက်ဘ်ဆိုက်များမှတစ်ဆင့် ကမ္ဘာတစ်ဝန်းဈေးဝယ်မှုမှာ ၄၈ ရာခိုင်နှုန်းရှိပြီး အလုပ်အကိုင်ရှာဖွေခြင်းမှာ ၄၁ ရာခိုင်နှုန်းရှိသည်ဟု ဆိုထားသည်။ **(အပေါ်ပုံ)**

ဆွီဒင်နိုင်ငံသည် အွန်လိုင်းဘဏ်စနစ်ကို အသုံးပြုမှုအများဆုံးနိုင်ငံဖြစ်သည်။ အရွယ်ရောက်သူ ၉၀ ရာခိုင်နှုန်းသည် e-banking စနစ်ကို အသုံးပြုသည်ဟုဆိုသည်။ သို့သော်လည်း အခြားသောနိုင်ငံများဖြစ်ကြသည့် ပြင်သစ်၊ ကနေဒါ၊ ဩစတြေးလျ၊ ပိုလန်၊ တောင်အာဖရိကနှင့် ဘယ်လ်ဂျီယံနိုင်ငံတို့မှ ပြည်သူ ၇၅ ရာခိုင်နှုန်းတို့မှာလည်း အွန်လိုင်းဘဏ်စနစ်ကို သုံးစွဲနေကြပြီဟုဆိုသည်။

ဂျာမနီနှင့်ဗြိတိန်နိုင်ငံသားများသည် အွန်လိုင်းမှတစ်ဆင့် ဈေးဝယ်မှုအများဆုံးဖြစ်ကြသည်။ ထိုနှစ်နိုင်ငံရှိ ပြည်သူ ၇၄ ရာခိုင်နှုန်းသည် အွန်လိုင်းမှတစ်ဆင့် ဈေးဝယ်ကြသည်။ ယင်းတို့နောက်မှ ဆွီဒင်က ၆၈ ရာခိုင်နှုန်း၊ အမေရိကန်က ၆၅ ရာခိုင်နှုန်းနှင့် တောင်ကိုရီးယားက ၆၂ ရာခိုင်နှုန်း အွန်လိုင်းမှတစ်ဆင့် ဈေးဝယ်ကြသည်။ ကမ္ဘာ့လူဦးရေ တစ်ဝက်နီးပါးသည် အွန်လိုင်းမှတစ်ဆင့် ဈေးဝယ်နေကြပြီဖြစ်သည်။ **(အင်တာနက်)**

i phone သုံးစွဲကြသူများ WiFiကို ပို၍အသုံးပြုနိုင်

လန်ဒန် ဧပြီ ၅

အမေရိကန်နှင့်ဗြိတိန်နိုင်ငံတို့၌ i phone အသုံးပြုကြသူများသည် Android ဆော့ဖ်ဝဲသုံး အခြားသောစမတ်ဖုန်းများထက် WiFi ကို ပိုပြီးအသုံးပြုနိုင်ကြောင်း ဧပြီ ၄ ရက်က အိုင်တီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ဗြိတိန်နိုင်ငံ၌ မိုဘိုင်းလ်ဖုန်းနှင့် WiFi ကွန်ရက်နှစ်မျိုးစလုံးအသုံးပြုသော i phone ပိုင်ရှင်များသည် အင်တာနက်ချိတ်ဆက်အသုံးပြုနိုင်ကြကြောင်း ဈေးကွက်သုတေသန Comscore က ဧပြီ ၂ ရက်တွင် ထုတ်ပြန်ထားသည်။

ဗြိတိန်နိုင်ငံ၌ မိုဘိုင်းလ်ဖုန်းနှင့် WiFi နှစ်မျိုးစလုံးသုံးသော Android ဖုန်းပိုင်ရှင်များသည် အင်တာနက်သို့ ချိတ်ဆက်နိုင်မှု ၅၇ ရာခိုင်နှုန်းသာရှိသည်။ ကျန်ဖုန်းပိုင်ရှင်များသည် 3G သို့မဟုတ် 4G မိုဘိုင်းလ်ဖုန်းကွန်ရက်မှတစ်ဆင့် အင်တာနက်သို့ ချိတ်ဆက်နေသည်ဟု ဆိုသည်။

အမေရိကန်နိုင်ငံ၌ WiFi မှတစ်ဆင့် အင်တာနက်ချိတ်ဆက်သော Android ဖုန်းပိုင်ရှင်ရာခိုင်နှုန်းသည် မရှိသလောက်နည်းပါးသည်။ Android ဖုန်းပိုင်ရှင် ၁၀ ဦးလျှင် ခုနစ်ဦးမှာ 3G သို့မဟုတ် 4 G မိုဘိုင်းလ်ဖုန်း ကွန်ရက်မှတစ်ဆင့် အင်တာနက်ချိတ်ဆက်နေကြရသည်။ ထိုအတောအတွင်း i phone အသုံးပြုသူ ၁၀ ဦးလျှင် ခုနစ်ဦးမှာ မိုဘိုင်းလ်ကွန်ရက်နှင့် WiFi ကွန်ရက်တို့မှ တစ်ဆင့် အင်တာနက်ကို ဆက်သွယ်နိုင်ကြသည်ဟု ဆိုသည်။ **(အင်တာနက်)**

အာကာကျော် - စုစည်းသည်

i Pad အသစ်လူကြိုက်များမှု စစ်တမ်းကောက်ယူ

ဆန်ဖရန်စစ္စကို ဧပြီ ၅

အသစ်ထွက်ရှိလာသော i Pad နှင့်ပတ်သက်ပြီး စစ်တမ်းကောက်ယူခဲ့ရာတွင် အလွန်နှစ်သက်သဘောကျသူ ရာခိုင်နှုန်းမှာ ၈၂ ရာခိုင်နှုန်းရှိပြီး အတန်အသင့် သဘောကျသူမှာ ၁၆ ရာခိုင်နှုန်းရှိကြောင်း Change Wave စစ်တမ်းတစ်ရပ်တွင် ဖော်ပြထားသည်။ **(ယာပုံ)**

အပ်ပဲလ်ကုမ္ပဏီကထုတ်လုပ်ခဲ့သည့် i Pad 2 ပိုင်ရှင်ဟောင်းများက ယခု အသစ်ထွက်ရှိလာသော i Pad 3 ကြိုက်နှစ်သက်မှုမှာ ၇၄ ရာခိုင်နှုန်းရှိသည်။ အတန်အသင့်ကြိုက်နှစ်သက်မှုမှာ ၂၃ ရာခိုင်နှုန်းရှိသည်ဟု Change Wave စစ်တမ်းတွင် ယခင်က ခန့်မှန်းထားခဲ့သည်။

နောက်ဆုံး i Pad အသစ်စစ်တမ်းကို i Pad အသစ်ပိုင်ရှင် ၂၀၀ကျော်အား စစ်တမ်းကောက်ယူမှုကို ယခုနှစ် မတ် ၂၂ ရက်မှ ၂၈ ရက် အထိ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ အသစ်ထွက်ရှိလာသည့် i Pad 3 ကို လူကြိုက်များခဲ့ရခြင်းမှာ High-resolution Retina ကြောင့်ဖြစ်ကြောင်း i Pad ပိုင်ရှင် ၇၅ ရာခိုင်နှုန်းက ပြောကြားသည်။ ၎င်း i Pad အသစ်ကို ကြာရှည်ခံဘက်ထရီ 4G LTE ကြောင့် ပိုပြီးကြိုက်နှစ်သက်ကြခြင်းဖြစ်သည်။ **(အင်တာနက်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

ကမ္ဘောဒီးယားနိုင်ငံ ဘုရင် တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့တက်ရောက်

နေပြည်တော် ဧပြီ ၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဧပြီ ၃ ရက် ည ၇ နာရီတွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ရှိ Royal Palace ၌ ကမ္ဘောဒီးယားနိုင်ငံ ဘုရင် ပရယ် ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီက တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်သည်။

အဆိုပါ ညစာစားပွဲသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင် ဆူလ်တန် ဟာဂျီ ဟာဆာနာလ်ဘိုကီးယား မူအစ်ဇာဒင်ဝါဒိုလာ၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဒုတိယသမ္မတ ဒေါက်တာဘူဒီအိုနို၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်း သမာဗောင်၊ မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတိုဆရီမိုဟာမက် နာဂျစ်ဘင်တွန်း ဟာဂျီ အဗ္ဗဒူရာဇတ်၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဘီနင်နိုအကွီနို၊ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်း၊ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စရင်လတ်ရှင်နာဝပ်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း၊ အာဆီယံနိုင်ငံများမှ ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာဆူရင်ပစ်ဆူဝမ်နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ညနေ ၆ နာရီခွဲတွင် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများသည် Royal Palace သို့ ရောက်ရှိလာကြရာ ကမ္ဘောဒီးယားနိုင်ငံ ဘုရင် ပရယ် ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီက ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် ကမ္ဘောဒီးယားနိုင်ငံ ဘုရင် ပရယ် ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီက အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများအား လက်ခံတွေ့ဆုံသည်။

ညစာစားပွဲသို့ တက်ရောက်လာသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ကမ္ဘောဒီးယားနိုင်ငံ ဘုရင် ပရယ် ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီက ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

တွေ့ဆုံပွဲအပြီးတွင် ကမ္ဘောဒီးယားဘုရင်နှင့်အတူ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများသည် ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

ဂုဏ်ပြုညစာစားပွဲတွင် ကမ္ဘောဒီးယားယဉ်ကျေးမှုအဖွဲ့က နှစ်နိုင်ငံယဉ်ကျေးမှုအကပဒေသာများနှင့် တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

အကြိမ် (၂၀)မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး နေပြည်တော်သို့ ပြန်လည်ရောက်ရှိ

နေပြည်တော် ဧပြီ ၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်၏ ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ကျင်းပသည့် အကြိမ် (၂၀)မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီးနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ပြန်လည်ထွက်ခွာရန် ဧပြီ ၄ ရက် မွန်းလွဲပိုင်းတွင် ခေတ္တတည်းခိုသည့် ဖနောင်ပင်မြို့ရှိ Cambodiana ဟိုတယ်မှ ဖနောင်ပင်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ကမ္ဘောဒီးယားနိုင်ငံ ပညာရေး၊ လူငယ်နှင့်အားကစားဝန်ကြီးဌာန ဝန်ကြီး H.E. Mr.Im Sethy၊ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Ms. SUN Saphoeun နှင့် တာဝန်ရှိသူများ၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးချိုထွန်းအောင်၊ စစ်သံမှူး ဗိုလ်မှူးချုပ်အောင်နိုင်နှင့် သံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများက ဖနောင်ပင်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအဆင့်မြင့်အရာရှိကြီးများ လိုက်ပါလျက် ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဖနောင်ပင်မြို့ရှိ ဖနောင်ပင်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း
ယနေ့ ဖတ်စရာ၊ မှတ်စရာ

လေယာဉ်မှူးအခန်း၌ မြွေငယ်တွေ့ရှိသဖြင့် အရေးပေါ်ဆင်းသက်ခဲ့ရ စာ-၆

ဟောင်ကောင်ကုန်သင်္ဘောတစ်စင်း ဂျပန်ကမ်းလွန်၌ ပျောက်ဆုံး စာ-၆

စာ-၇
ချယ်လ်ဆီးနှင့် ဘာစီလိုနာ ချန်ပီယံလိဂ် အကြိုဖိုင်နယ်ပွဲတွေ့ပြီ